စိတ်ကူးချိုချိုအနုပညာ

# မိ-မိုးနှင်း

မြန်မာဝတ္ထုသမိုင်း၏
ကဏ္ဍသစ်တစ်ခုကို
ခေါင်းဆောင်မှု
ပေးခဲ့သော ဝတ္ထုကြီး၊



ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

ဤ "နေညိုညို" ဝတ္ထုသည် ပစ္စက္ခ မြန်မာ့ ဝတ္ထု သမိုင်းတွင် ကဏ္ဍသစ်တစ်ခုကို ဖွင့်ပေးခဲ့သော ဝတ္ထုဟု ဆိုလျှင် မမှားနိုင်ပေ၊ ဤ "နေညိုညို" ဝတ္ထု၏ ခံယူချက်များကို ကြည့်ကာ ဆရာကြီး ပီ–မိုးနင်းကိုလည်း ပစ္စက္ခ မြန်မာစာပေသမိုင်းတွင် ကဏ္ဍသစ်တစ်ခုသို့ ရောက်အောင် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ခေါင်းဆောင်မှုပေးခဲ့သော "စာပေ ခေါင်းဆောင်ကြီး" အဖြစ်ဖြင့် မြင်ကြရပေလိမ့်မည်။

အဘယ့်ကြောင့်ဆိုသော်... လွန်ခဲ့သော နှစ်ပေါင်းတစ်ရာ ဝန်းကျင်အချိန်က မြန်မာဝတ္ထုများကို ကြည့်လျှင် "တိမ်နီ တိမ်ပြာ တိမ်ဝါ မကာရ်း၊ တိမ်မရမ်းတွေနှင့်..." ဟုအစချီကာ ပုံပြင်ဆန်ဆန် ဝတ္ထုများကို အများဆုံး တွေ့နေခဲ့ရပေသည်။

ထိုကဲ့သို့သော ဝတ္ထုများကြားမှ ထိုခေတ်ကို တော်လှန်ကာ ဆရာကြီး ပီ–မိုးနင်းသည် ဝတ္ထုပုံသဏ္ဍာန်ပီသသော ဝတ္ထုများကို ရေးသား မွေးထုတ်ခဲ့သည်။



ISBN 9789997116512
PMN51
9 789997 116512
2,200.00KS

mgyoe.com

နေညိုညို၊ ဝိ-မိုးနင်း
စာမျက်နှာ ၂၃၉++ မျက်နှာ၊ ၁၂ ·၈စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇန်နဝါရီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၀ မြန်မာပြည်စာအုပ်တိုက်၏ ဒုတိယအကြိမ်မူ၊ (ပထမအကြိမ်-၁၉၂၀)

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# နေညိုညို
# ပီ–မိုးနှင်း

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ဒုတိယ အကြိမ်ရိုက်
# ထုတ်ဝေသူ၏ မှတ်ချက်

(၁)

လွန်ခဲ့သော ၁၉၂၀ ခုနှစ်က ဤ "နေညိုညို" ဝတ္ထုကို ပထမ အကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ယခုဆိုလျှင်... နှစ်ပေါင်း ၄၀ ကြာခဲ့ ပေပြီ။

နှစ်ပေါင်း ၄၀ တည်းဟူသော အတိတ်က စာပေတစ်ခုကို ဤ ကဲ့သို့ ပြန်လည်တူးဖော် ထုတ်ဝေရာ၌ ထိုစာပေကို ပြုစုရေးသားခဲ့သော ဆရာကြီး ပီ–မိုးနင်း၏ လွန်ခဲ့သော အနှစ် ၄၀ ပတ်ဝန်းကျင်က လှုပ်ရှားခဲ့သည့် သူ့ "ဘဝ" ကိုလည်း ပြန်လည် တူးဖော်ကြည့်ဖို့ လို ပေလိမ့်မည်။

သို့မှလည်း... ထိုခေတ်... ထိုအချိန်၏ လူနေမှု... လူ့ဆက်ဆံရေး ... အနုပညာ... စာပေ... ယဉ်ကျေးမှု... စသည်တို့ကိုပါ ငုံမိလျက်... ထိုအခြေအနေ ထိုအဆင့်မှ... ပစ္စက္ခ စာပေသမိုင်း၏ ယခုကဲ့သို့သော "ကဏ္ဍာသစ်"တစ်ခုသို့ ရောက်လာအောင် ဆရာကြီး ပီ–မိုးနင်း သည် စာပေ ရေးရာအားဖြင့် ဘယ်လိုခေါင်းဆောင်မှု ပေးခဲ့သည်၊ ဘယ်လို

mgyoe.com

mgyoe.com



ပို့ဆောင်ခဲ့သည်။ ကဏ္ဍာသစ်တစ်ခုကို ဘယ်လို ဖွင့်ပေးခဲ့သည်တို့ကို သဘောပေါက်နိုင်ကြမည် ဖြစ်ပေသည်။

* * *

(၂)

၁၉၂၀ ခုနှစ်သည် ပထမ ကမ္ဘာစစ်ကြီး ပြီးစအချိန်ဖြစ်သည်။ စစ်တစ်ခုသည် လူ့လောက၏ အသက် အိုးအိမ်ဥစ္စာစည်းစိမ်များကို ဖျက်ဆီးခြင်းဖြင့် အကျိုးမဲ့ ဖန်တီးခဲ့သလို နိုင်ငံတကာရေးရာများဖြင့်လည်း အတွေ့အကြုံ ဗဟုသုတကို ကြွယ်ဝစေခဲ့ပေသေးသည်။

ထိုအချိန်၌ ဖောက်လုပ်ထားပြီးဖြစ်သော စူးအက် တူးမြောင်းကလည်း အရှေ့အာရှနှင့် အနောက် ဥရောပ ၂ ခုအား မြေကြော–ရေကြောကို ရှုံ့ပစ်လိုက်ကာ အရှေ့နှင့် အနောက်ကို ပိုမို နီးကပ်စေခဲ့ပြန်သည်ကိုလည်း မမေ့သင့်ပေ။

စူးအက် တူးမြောင်းကြောင့်... အရှေ့နှင့် အနောက်တို့၏ ဆက်သွယ်ရေးသည် ယခင်ကလို ဂွဒ်ဟုတ် အငူမှ ကွေ့မသွားရတော့ဘဲ ပင်လယ်နီမှ မြေထဲပင်လယ်သို့ ဖြတ်သန်းသွားလာနေနိုင်ပြီဖြစ်ရာ... စူးအက်တူးမြောင်းသည် အနောက် ဥရောပ၏အနုပညာ စာပေ အပါအဝင် ယဉ်ကျေးမှုတို့ကိုသာ အရှေ့အာရှသို့ ယခင်ကထက် လျင်မြန်အောင် ပို့ဆောင်ခဲ့သည် မဟုတ်သေးဘဲ... မြန်မာနိုင်ငံ၏ ဆန်စပါးဈေးကိုလည်း တစ်ဟုန်တည်း တိုးမြင့်စေခဲ့ပေသေးသည်။

မြန်မာနိုင်ငံသည် ရုပ်အခြေခံအားဖြင့် မြေယာနိုင်ငံ ဖြစ်သည့်အတိုင်း... ဆန်စပါးဈေး တိုးမြင့်သည်နှင့်အမျှ... မြန်မာနိုင်ငံ၏ စီးပွားရေးသည်လည်း တိုးတက်လာခဲ့ရပြန်သည်။

mgyoe.com

mgyoe.com



အထူးခြားဆုံးကား မြန်မာနိုင်ငံ၏ အမျိုးသားလွတ်မြောက်ရေး စိတ်ဓာတ်နှင့် လွတ်မြောက်ရေး ကြိုးပမ်းမှုအတွက် လုပ်နည်းလုပ်ဟန် များ ပြောင်းလဲ တိုးတက်လာခြင်းပင် ဖြစ်သည်။

ပစ္စက္ခ လူ့ဆက်ဆံရေး၏ အရိပ်သည် စာပေ၌ မလွဲမသွေ ထင် ဟပ်လာရမြဲ ဖြစ်ပေသည်။ ထို့ကြောင့်လည်း.... မြန်မာနိုင်ငံ၏ စီးပွား ရေး ယဉ်ကျေးမှု စသည်တို့ ပြောင်းလဲလာသည်နှင့်အမျှ... မြန်မာနိုင်ငံ ၏ စာပေလောကသည်လည်း ပြောင်းလဲလာခဲ့ရပေသည်။

အထူးအားဖြင့် သတင်းစာများသည် ရှေးက ထုတ်ဝေသော သတင်းစာ အဆင့်အတန်းမှ တစ်ဆင့် တက်ကာ သိသိသာသာ ပြောင်း လဲ လာခဲ့ပေသည်။

မြန်မာ သတင်းစာများတွင် စစ်သတင်းများ၊ နိုင်ငံခြား ကြေးနန်း သတင်းများကို အသားပေးကာ ထည့်သွင်းလာသလောက် သတင်းစာ ဖတ် ပရိသတ်ကလည်း ထိုနိုင်ငံတကာသတင်းများကို ဖတ်ရှုလာသည် ကို တွေ့လာရသည်။

စီးပွားရေးအတွက် ငွေယားကလေး ရှိသူများသည်လည်း ကောင်း၊ အမျိုးသားလွတ်မြောက်ရေးအတွက် စိတ်အားထက်သန်သူ များသည်လည်းကောင်း... သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို ထုတ် ဝေရန် ကြိုးပမ်းလာကြသည်။ ထုတ်ဝေသည်၊ ထုတ်ဝေလာကြသည်။

မကြာမီ ပြုတ်သူများလည်း ပြုတ်၍ တည်တံ့သူများလည်း တည်တံ့ကျန်ရစ်ခဲ့ကြသည်။

အမျိုးသားလွတ်မြောက်ရေးတွင် ရှေ့တန်းမှ ပါဝင်ခဲ့ကြသော မြန်မာ့အလင်းသတင်းစာနှင့် သူရိယသတင်းစာများသည် ထိုအချိန်က ပေါက်ဖွားလာခဲ့ကြသော သတင်းစာကြီးများ ဖြစ်သည်။

မြန်မာ့အလင်း သတင်းစာ၏ ရာဇဝင်ကို ပြန်ကြည့်လျှင်...

mgyoe.com

mgyoe.com



ဆရာကြီး ပီ–မိုးနင်းနှင့် ဦးရွှေကြူးတို့၏ အမည်များကို သတင်းစာ ရာဇဝင်၏ အစဦး၌ပင် တွေ့ကြရမည် ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော်… မြန်မာ့အလင်း သတင်းစာကို စတင် ထုတ်ဝေခဲ့သူမှာ ဦးရွှေကြူးဖြစ်၍… ထိုကဲ့သို့ နေ့စဉ်သတင်းစာ ထုတ် ဝေရန် တိုက်တွန်းနှိုးဆော် အကြံဉာဏ်ပေးခဲ့သူမှာ ဆရာကြီး ပီ–မိုးနင်း ဖြစ်သောကြောင့် ဖြစ်သည်။

သတင်းစာများ ရှေးကနှင့်မတူဘဲ သိသိသာသာ ခေတ်မီ ပြောင်း လဲ လာခဲ့ခြင်းမှာလည်း ဆရာကြီး ပီ–မိုးနင်း၏ကြိုးပမ်းမှု အများဆုံး ပါဝင်ခဲ့သည်ကို တွေ့ရှိနိုင်ပေသည်။

ထိုအချိန်က ဆရာကြီး ပီ–မိုးနင်းသည် သူရိယ သတင်းစာတိုက် ၌ အလုပ် လုပ်လျက်ရှိသည်။ သူ၏ အလုပ်မှာ စစ်သတင်းများနှင့် နိုင်ငံခြား ကြေးနန်းသတင်းများကို ဘာသာပြန်ဆိုပေးရသော အလုပ် ဖြစ်သည်။

သို့သော်… သူရိယသတင်းစာမှာ ထိုစဉ်က ရက်ခြားသတင်းစာ သာ ဖြစ်၍ ကမ္ဘာ့ကြေးနန်းသတင်းများကို အာရုံစိုက်ကာ စောင့်မျှော် ဖတ်ရှုနေကြသော သတင်းစာဖတ် ပရိသတ်၏ လိုလားချက်ဆန္ဒကို အကဲခတ် ရိပ်စားမိသော ဆရာကြီး ပီ–မိုးနင်းသည် သူ၏ လက်ရှိ အလုပ်ကို အားမလို အားမရ ဖြစ်နေခဲ့မိသည်။

ထို့ကြောင့်လည်း… ဆရာကြီး ပီ–မိုးနင်းသည် ကမ္ဘာ့ကြေးနန်း သတင်းများ၊ စစ်သတင်းများကို ဦးစားပေးကာ နေ့စဉ် သတင်းစာ အဖြစ် ထုတ်ဝေရလျှင်ကား… ထုတ်ဝေသူအတွက်ရော ပြည်သူအတွက် ပါ အကျိုးရှိမည် ဖြစ်ကြောင်းဖြင့် မြန်မာ့အလင်းကို နေ့စဉ်သတင်းစာ အဖြစ် ထုတ်ဝေရန် တိုက်ရှင်ဦးရွှေကြူးအား ဆရာကြီး ပီ–မိုးနင်းက တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

mgyoe.com

mgyoe.com



ပီ–မိုးနင်း၏ တိုက်တွန်းအကြံပေးသည့်အတိုင်း ဦးရွှေကြူးက လည်း နေ့စဉ်သတင်းစာအဖြစ် ထုတ်ဝေလိုက်ရာ... ဆရာကြီး ပီ–မိုးနင်းသည် မြန်မာ့အလင်းတိုက်၌ အလုပ်ဝင်ကာ စစ်သတင်း၊ နိုင်ငံခြား ကြေးနန်းသတင်းများကို အထူးကြိုးစားဘာသာပြန်ထည့် သွင်းပေးခဲ့သည်။

ထို့ကြောင့်လည်း မြန်မာ့အလင်းသတင်းစာ၏အမည်သည် တစ်ခါတည်း ကျော်ကြားသွားခဲ့ပေသည်။

ထိုအချိန်က မြန်မာ့အလင်းသတင်းစာတွင် ဗိုလ်တထောင်မိုး ၏ စားချက်ဖြင့် အသက်ဆုံးပါးခဲ့ရသော ဆရာသင်သည် ဆရာကြီး ပီ–မိုးနင်း၏အကူအညီအဖြစ်ဖြင့် "စာပြင်" အလုပ်ကို လုပ်ခဲ့ရသူ ဖြစ် သည်။

(၃)

ဆရာကြီး ပီ–မိုးနင်းသည် ပညာ့အလင်းသတင်းစာ၊ မြန်မာ့ အလင်းသတင်းစာနှင့် သူရိယသတင်းစာကြီးများတွင် ဝင်ရောက် လုပ်ကိုင်ခဲ့ဖူးသည်။ အမျိုးသား လွတ်မြောက်ရေးအတွက် ဆရာကြီး ပီ–မိုးနင်းသည် နိုင်ငံရေးဆောင်းပါးများ၊ နိုင်ငံရေးစာအုပ်များကို အများအပြား ရေးသားခဲ့ဖူးပေသည်။

"နိုင်ငံရေးအခြေပြုကျမ်း" "လွတ်လပ်မှု"၊ "တိုင်းရေး ပြည်ရေး ပေါက်နှင့်ကျေး"၊ "ပေါလစ်တစ်ယပ်လှဲ"၊ "လွတ်မြောက်ရေး စကားပုံ"၊ "Dominion = ဒိုမိနီယန် = ဓနသဟာယစနစ် ဒိုမိနီယန် ဟုမ္မရူး"၊ "အစိုးရနှင့် မဆက်ဆံရေး နည်းပေးလမ်းပြ" စသော စာအုပ်များသည် ဆရာကြီး ပီ–မိုးနင်း ပြုစုခဲ့သော နိုင်ငံရေး ကျမ်းစာအုပ်များ ဖြစ်သည်။

မြန်မာနိုင်ငံ ခွဲရေး တွဲရေး ပြဿနာ ပေါ်ပေါက်လာသောအခါ၌

mgyoe.com

mgyoe.com



ဆရာကြီး ပီ–မိုးနင်းသည် တွဲရေးဘက်မှ နေကာ စိဟ်အား ထက်သန်စွာ ရေးသားခဲ့သည်။

၁၉၃၇–၃၈ ခုနှစ် တရုတ်နှင့် ဂျပန်စစ်ဖြစ်စကလည်း ဆရာသည် ဂျပန်၏ အနာဂတ်ကို အောက်ပါအတိုင်း ကြိုတင်၍ ဟောကိန်းထုတ်ခဲ့ဖူးရာ သူ၏ ဟောကိန်းသည် သူကွယ်လွန်သွားပြီးနောက် ဒုတိယကမ္ဘာစစ်အပြီးတွင် သွေးထွက်အောင်မှန်၍နေသည်ကို တွေ့ရှိရပေသည်။

"ဂျပန်၏ ပြုမူပုံများသည် အာရှတိုင်းကို စစ်မီးလောင်အောင်ပြုသည်နှင့် တူလေသည်၊ အကြောင်းမူကား... ရှုရှားသည် ယခုအခါ ရှေးအခါနှင့် မတူတော့ပေ၊ များစွာအင်အား ပို၍ နေရာအထိခံမည် မဟုတ်ပေ။ ဂျပန်သည် အာဘိဆီးနီးယား ကျားမြီးကို ဆွဲမိသော မူဆိုလီနီ၏ဖြစ်ပုံကို သတိမူသင့်ပေသည်။ မူဆိုလီနီ၊ ဟစ်တလာ တို့ကိုပင် အားကျ၍ လာချေက မကြာမီ တအားကျ၍ သွားရမည်ကား... ဘုရားပြသည့် လမ်းစဉ်အတိုင်းပေတည်း"

ဆရာကြီး ပီ–မိုးနင်းသည် ထိုအချိန်ကပင် ဆိုဗီယက်ယူနီယံအား အထင်မသေးခဲ့ကြောင်းကို သူ၏နိုင်ငံရေး စာပေများတွင် အများအပြား ဖတ်ရှုရပေသည်။

* * *

(၄)

ဆရာကြီးသည် လောဂျစ်ကျမ်းတစ်ကျမ်းကိုရေးကာ ဟံသာဝတီတိုက်သို့ သွားလျက် စာမူကို ရောင်းခဲ့သည့်အချိန်မှ စ၍ စာပေလောက

mgyoe.com

mgyoe.com



နှင့် ဆရာကြီးသည် စတင်ဆက်သွယ်လာခဲ့သည်ဟု ဆိုရမည်။

သို့သော် ထိုစာမူကိုကား–ရောင်း၍ မစွံခဲ့ပေ။ ဗုဒ္ဓဘာသာနှင့် ဆန့်ကျင်သည်ဟူသော အကြောင်းပြချက်ဖြင့် သူ၏စာမူကို မဝယ်ခဲ့ပေ။

စာမူသာ မစွံသည်မဟုတ်၊ ၎င်းစာမူကိုပင် ပြန်၍ မရသဖြင့် ထိုစာမူမှာ ယနေ့အထိ ပုံနှိပ်စာအုပ်အဖြစ်သို့မရောက်ဟု သိရပေသည်။

နောက်များမကြာမီ ဆရာကြီး ပီ–မိုးနင်းသည် ၎င်းဟံသာဝတီ တိုက်၌ပင် တိုက်ရှင် သူဌေးကြီးမစ္စတာ ရစ်ပလေက အလုပ်ခန့်သဖြင့် လခ ၃၀ိ နှင့် ဝင်ရောက် အလုပ် လုပ်ကိုင်ရပြန်သည်။

အလုပ်ကား – ဘာသာပြန်ဆိုပေးရသော အလုပ်ဖြစ်သည်။ သို့သော်... ၆ လမျှသာ လုပ်ကိုင်ခဲ့ကြောင်း သိရပေသည်။

* * *

(၅)

ပညာ့အလင်း သတင်းစာတိုက်သို့ မရောက်မီကပင် ဆရာကြီး ပီ–မိုးနင်းသည် "ခင်ထား" "ပင်လယ်ကူး ဓာတ်ပုံ"၊ "ဘီ–အေ မောင်တင့်နှင့် ကချေသည် မယ်မြင့်" စသော ဝတ္ထုများနှင့် အခြား ကြီးပွားရေး နည်းပြကျမ်းများစွာတို့ကို မောင်ကျော်ဟူသော မထင်မရှား အမည်ဖြင့် ရေးသားခဲ့သည်။

နောက် ပညာ့အလင်း သတင်းစာတိုက်သို့ ရောက်ကာ "ပိုက်ဆံ ကြီး" အမည်ဖြင့် "ဘားမားဒေး" "ပွဲစားကြီး သားအဘနှင့် မြမြ" "နေရီရီ" စသော ဝတ္ထုများကို ရေးသားခဲ့ပြန်သည်။

ပညာ့အလင်းမှ အလုပ်ထွက်လာသောအခါ၌ "ပိုက်ဆံကြီး" ဟူ

mgyoe.com

mgyoe.com



သော အမည်ကို တိုက်ရှင်က အတင်းယူထားလိုက်သဖြင့် "ပီ–မိုးနင်း" ဟူသော အမည်ကို စတင် အသုံးပြုခဲ့သည်ဟု သိရပေသည်။

ပီ–မိုးနင်း အမည်ကို ယူပြီးသည့် နောက်ပိုင်း၌ကား.... ဝတ္ထုများနှင့် ကျမ်းစာများကို အမြောက်အမြား မွေးထုတ်ခဲ့ပေသည်။

"နေညိုညို"၊ "ဟေမဝန်ဘွေ"၊ "တကိုယ်တော်"၊ "ချစ်ပန်းနွယ်" "တစ်နိုင်ငံမြို့င်ယံခြား"၊ "ကျွန်းငွေသောင်"၊ "တဖြစ်လဲ"၊ "ကျားကြီးရာဇာ"၊ "တစ်ခုလပ်နှင့် တစ်လင်ကွာ"၊ "လူမိုက်ကြီး"၊ "မယ်ယက္ခ"၊ "ဝက်ပါကံ"၊ "တို့တောင်ပေါ်"၊ "သဲမြည္ဘာ"၊ "တက်လူကွ"၊ "ယောကျ်ားကောင်း သုံးယောက်" စသော ဝတ္ထုရှည်ကြီးများ...

"ပွဲစားကြီး ဂရာရွှတ်ကို မြာရွှတ်သော ချစ်ချစ်"၊ "ကြံ့လေဘုံပွေ"၊ "နဖူးစာ"၊ "အံ့သြဘွယ်"၊ "ရေနတ်သူ"၊ "မျိုးချစ်"၊ "မျိုးချစ်လကျ်ာ"၊ "စိုးပါနဲ့မေ"၊ "ကျုပ်အသက်ကလေး"၊ "ဝါသနာ"၊ "သွေးဆောင်ခြင်း"၊ "မိတ်ဆွေနှင့် ရည်းစား"၊ "စိတ်ပြောင်းလဲခြင်း"၊ "ဝရမ်းပြေး"၊ "လူလား၊ နတ်လား– ဂုမ္ဘဏ်လား"၊ "ချစ်တဲ့ မယား"၊ "ရွှေဖူးစာ ကံ ဆော်စိမ်သွင်း" "ငယ်က ကျွမ်းကို လွမ်းလို့ ခွေကာယိုင်"၊ "ငါ့သမီး"၊ "တို့ဘာသာ"၊ "မှော်ဘုရင်"၊ "စာရေး ဆရာ" စသော ဝတ္ထုတို ကလေးများ...

"သူရဲကောင်း သုံးယောက်" စသော ဘာသာပြန် ဝတ္ထုများ...

"ကမ္ဘာမင်တံ"၊ "သခင်စိတ်"၊ "လက်တွေ့ ကြီးပွားရေး"၊ "အချစ်ဖြတ်လမ်း"၊ "အောင်စိတ်"၊ "သမီးဂုဏ်ရည်"၊ "သားဂုဏ်ရည်"၊ "မိန်းမစိတ်"၊ "ကမ္ဘာ့အလင်း"၊ "အပျို လမ်းညွှန်"၊ "လူပျို ကြေးမုံ"၊ "အချစ်လမ်းညွှန်"၊ "လောကီ လမ်းညွှန်"၊ "ကာမသိဒ္ဓိ" စသော ကြီးပွားရေး အချစ်ရေး ကျမ်းများ...

"အင်္ဂလိပ် စကား ပြောနည်း"၊ "အင်္ဂလိပ်သဒ္ဒါ ဖြတ်လမ်း"၊ "အင်္ဂလိပ်ဘာသာ ငါ့ဆရာ"၊ "ဝတ္ထု သတင်းစာ ရေးနည်း"၊ "အင်္ဂလိပ်

mgyoe.com

mgyoe.com



ပြောသောအင်္ဂလိပ်စကား" စသော ကျမ်းများတို့သည်ကား... ပီ-မိုးနင်း အမည်ဖြင့် ရေးခဲ့သော စာအုပ်များဖြစ်ရာ မရေမတွက်နိုင်လောက်အောင် များပြားလှပေသည်။

* * *

(၆)

ဆရာကြီး ပီ-မိုးနင်းသည် ဟံသာဝတီ၊ ပညာ့အလင်း၊ မြန်မာ့အလင်း၊ သူရိယ၊ သစ္စာဝါဒီနှင့် ဗန္ဓုလ သတင်းစာတိုက်... စသည်တို့တွင် ဝင်ရောက်လုပ်ကိုင်ခဲ့၍ သူ၏ ဝတ္ထုဆောင်းပါးများကိုကား... ထိုအချိန်က ထုတ်ဝေသမျှ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် သူ၏ လက်ရာနှင့် မကင်းသလောက်ပင် မြောက်မြားစွာ တွေ့ရှိနိုင်သည်။

ပညာ့အလင်း မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်း၊ သူရိယရုပ်စုံ၊ ဒဂုန်မဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်း၊ ကဝိတန်ခွန်မဂ္ဂဇင်း၊ ဗြိတိသျှဘားမားမဂ္ဂဇင်း၊ တက္ကသိုလ်သိပ္ပံ မဂ္ဂဇင်း၊ လမ်းညွှန်ဂျာနယ်၊ လန်ဒန်အတ်မဂ္ဂဇင်း၊ တိုးတက်ရေး မဂ္ဂဇင်း၊ ဘားမားဂျာနယ်၊ ဗန္ဓုလ မဂ္ဂဇင်း၊ ဗန္ဓုလ ဂျာနယ်စသည်တို့တွင် ဆရာကြီး၏ ဝတ္ထုဆောင်းပါးများကို အများအပြား တွေ့ခဲ့ရပေသည်။

ဆရာကြီးသည် ကိုယ်ပိုင်အနေဖြင့်လည်း စာအုပ် ထုတ်ဝေခဲ့ဖူးသေးသည်။

သုံးဆယ်မြို့မှနေ၍ မိတ်ဆွေများ အကူအညီဖြင့် စာပုံနှိပ်စက်တည်ထောင်ကာ... "မြန်မာ့မိတ်ဆွေ မဂ္ဂဇင်း" အမည်ဖြင့် ထုတ်ဝေခဲ့ဖူးကြောင်း သိရသည်။

ထို့ပြင် မြန်မာ့အလင်းမှ အလုပ်ထွက်ပြီး နောက်ပိုင်း၌...

mgyoe.com

mgyoe.com



"အောင်တော်မူ" အမည်ဖြင့် ရက်သတ္တပတ် တစ်ကြိမ်ထုတ် ဝတ္ထု ကလေးများကိုလည်း ၁၄ အုပ်ခန့် ထုတ်ဝေခဲ့ဖူးသေးသည်။

ဤသို့ ထုတ်ဝေမှုနှင့် ပတ်သက်၍ သူ၏တွေ့ကြုံခံစားရချက် များကို ဆရာကြီးကိုယ်တိုင် အောက်ပါအတိုင်း ကြေကွဲဖွယ်ရာ ရေး သားခဲ့ဖူးပေသည်။

"မြန်မာ့အလင်းမှ ထွက်ပြီးနောက် အောင်တော်မူ ခေါ်သော ခေါင်းစဉ်ဖြင့် တနင်္ဂနွေ တစ်ပတ် တစ်ကြိမ် ဝတ္ထုကလေးများကို ထုတ် ဝေလျက် ရှိနေလေသည်။ ကျွန်ုပ်မှာ ထိုကဲ့သို့သော ကိုယ်ပိုင်အလုပ်ဖြင့် ဝတ္ထုများ ထုတ်ဝေခြင်းအားဖြင့် ဒိစတြိတ် နယ်ပယ်များမှ ကိုယ်စား လှယ်များအကျိုးရှိအောင် လုပ်ကျွေးခဲ့ရခြင်းသာလျှင် အဖတ်တင်လေ သည်။ ၎င်းဝတ္ထု စာအုပ်ကလေး ၁၄ စောင်မျှ ထုတ်ဝေပြီးနောက် ဆက်လက် မထုတ်နိုင်တော့ပေ..."

* * *

(၇)

"ပီ–မိုးနင်း" ဆိုလျှင် စာရေးဆရာအဖြစ်ဖြင့်သာ သိသူများနေကြ သော်လည်း... စင်စစ် စာရေးဆရာအဖြစ်သာ မဟုတ်သေးဘဲ.... ဆရာ ကြီးသည် ရုပ်ရှင်နယ်ဘက်သို့လည်း အစောဆုံး ဝင်ရောက်ခဲ့ဖူးသေး ကြောင်း သိရပေသည်။

ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီ၌ပင် ဝင်ရောက်လုပ်ကိုင်ခဲ့ဖူး သည်။

မြန်မာပြည်တွင် ပထမဆုံး ရိုက်ကူးသည့် ရုပ်ရှင်ကားဖြစ်သော "မေတ္တာ နှင့် သူဇာ" ဇာတ်ကား၏ဇာတ်ညွှန်းမှာ ဆရာကြီး ပီ–မိုးနင်း

mgyoe.com

mgyoe.com



၏ ဇာတ်ညွှန်းပင်ဖြစ်သည်။

"ချစ်တဲ့သူရယ်" ဇာတ်ကား ရိုက်ကူးရာတွင် ဇာတ်လိုက်ဖြစ်သော သူ၏သား မောင်ကျော်စိုးအား ဆရာကြီး ပီ-မိုးနင်းကိုယ်တိုင် သင်ကြားပြသကာ- ဒါရိုက်တာ လုပ်ကိုင်ခဲ့ရသည်။

"တသက်လုံးဖုံးသမျှ-ကုန်းတော့မှပေါ်" ဟူသော ဇာတ်ကားတွင်ကား... ဆရာကြီးသည် ပန်းချီဆရာကြီးအဖြစ် ပါဝင်သရုပ်ဆောင်ကာ ဇာတ်ကောင်အဖြစ် ရိုက်ကူးခဲ့ပြန်သည်။

သူ၏သား မောင်ကျော်စိုး ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီသို့ ရောက်ပြီး "တကိုယ်တော်" ဇာတ်ကား ရိုက်ကူးခဲ့စဉ်ကလည်း ဆရာကြီးသည် များစွာ အကူအညီပေးခဲ့ရသည်ဟု ဆိုပေသည်။

ဆရာကြီးသည် ရုပ်ရှင်ဖက်၌ သူ၏သား မောင်ကျော်စိုး၏ စွမ်းရည် သတ္တိနှင့် ဖွဲကောင်းခြင်းကို တွေ့ရသောအခါ၌ သားကို အားကိုးကာ... ရုပ်ရှင် ဇာတ်ညွှန်းများ ရေး၍ သူ၏သား ပါဝင်သော ဇာတ်ကားများတွင် ဒါရိုက်တာလုပ်လျက် အေးအေးနေတော့မည်ဟုပင် စိတ်ပိုင်းဖြတ်မိကြောင်းဖြင့် ဆရာကြီးကိုယ်တိုင် ဖွင့်ဟ ရေးသားခဲ့ပေသည်။

သို့သော်... ဆရာကြီး ပိုင်းဖြတ်ခဲ့သော စိတ်အကြံအစည်သည် အကောင်အထည်အဖြစ် ပေါ်မလာခဲ့တော့ပေ။ အဘယ့်ကြောင့်ဆိုသော်... "၁၀ နာရီ" ဟူသော ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ရိုက်ကူးနေစဉ်၌ပင် သူ၏သား မောင်ကျော်စိုးမှာ ရန်သူ၏ ဓားချက်ဖြင့် သေဆုံးကွယ်လွန်သွားသောကြောင့်ပေတည်း။

ထိုအခါ၌ ဆရာကြီးမှာ ခဲလေသမျှ သဲရေကျဖြစ်ကာ စိတ်အပျက်ကြီးပျက်လျက် ရုပ်ရှင်နယ်မှ တစ်ခါတည်း ထွက်လာခဲ့ပေသည်။

* * *

mgyoe.com

mgyoe.com



(၈)

၁၉၃၅ ခုနှစ်၊ ဇူလိုင် ၂၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် "လေပွေ" အခန်းကို စတင် ဖတ်ရှုကြရပေသည်။

ပထမ စရေးစဉ်က "ဦးလေပွေ" ဟု ခေါင်းစဉ်မတတ်ဘဲ... "ထွေရာလေးပါး" ဟု ခေါင်းစဉ်တပ်ကာ... အောက်ဆုံးကျမှ "လေပွေ" ဟု လက်မှတ် ရေးထိုးထားသည်။

နောက် အတော်ကြာမှ "ထွေရာလေးပါး" ဟူသော ခေါင်းစဉ် အစား 'ဦးလေပွေ' ဟု ခေါင်းစဉ် ပြင်တပ်လာလေသည်၊ အစ ပထမ၌ကား ၎င်း "လေပွေခန်း" ကို ဆရာကြီးရေးမှန်း မသိခဲ့ကြပေ။

ထိုစဉ်အချိန်က လေပွေခန်းသည် မြန်မာ့အလင်း သတင်းစာဖတ် ပရိသတ်အဖို့၌ အတော်စွဲလမ်းခြင်းခံရအောင် လူကြိုက်များသော အခန်း ဖြစ်လာခဲ့ရပေသည်။

စွဲလမ်းလောက်အောင်လည်း ဆရာကြီး၏ ရေးသားချက်များမှာ အကြောင်းအရာ၊ အရေးအသား၊ စကားလုံး သုံးစွဲပုံမှစ၍ ပိုင်ပိုင်နိုင်နိုင် ရှိလှပေသည်။

ထိုသို့ ပိုင်ပိုင်နိုင်နိုင် ရှိလှသည်မှာလည်း စင်စစ်တော့ မဆန်းပေ။ ဆရာကြီး ပီ-မိုးနင်းသည် ထိုအချိန်၌ အသက်ကလည်း အတော်ထောက်လာပြီ၊ အထွေထွေ အတွေ့အကြုံများကလည်း ကြွယ်ဝလာခဲ့ပြီ၊ ထို့ကြောင့် သူ၏ စိတ်ဓာတ်သည်လည်း ရင့်ကျက်လာခဲ့ပြီဖြစ်ရာ... ရင့်ကျက်သော အတွေးအခေါ်တို့ဖြင့် ချုပ်ကိုင်ထားသော သူ၏ ရေးသားချက်များမှာ အဘယ်လျှင် ပိုင်ပိုင်နိုင်နိုင် မရှိဘဲ နေနိုင်ပါမည်နည်း။

ဘဝ၏ ကွေ့ပေါင်းများစွာတွင်... အထွေထွေ အတွေ့အကြုံ အရာ၌ကား... ဆရာကြီးအား မီသူ ရှားပေလိမ့်မည်။

mgyoe.com

mgyoe.com



ဆရာကြီးသည် စာရေးဆရာ၊ သတင်းစာဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ ဘာသာပြန်ဆရာ၊ ကျောင်းဆရာ စသည်ဖြင့် အလုပ်မျိုးစုံခဲ့သည်။

ကြမ်းပိုးတေလေလည်း ဖြစ်ခဲ့ဖူးသည်၊ ဇာတ်ပျက်လည်း ဖြစ်ခဲ့ဖူးသည်။ အစိုးရ ဘိန်းဆိုင်တွင်လည်း အလုပ်လုပ်ခဲ့ဖူးသည်၊ လယ်သမား၏အိမ်တွင်လည်း လယ်ထွန်ခဲ့ဖူးသည်၊ ကယ်ပါ အိမ်ရောက်ကာ ကယ်ပါ သူဌေး၏သမီးနှင့် ရတော့မတတ်လည်း ဖြစ်ခဲ့ရသည်။ နောက်ဆုံး ကုန်ကုန်ရေးရလျှင် သူတောင်းစားယောင်ပင်ဆောင်ကာ ရန်ကုန်မြို့လယ်ကောင်တွင် တောင်းရမ်းခဲ့ဖူးသေးသည်။

ထိုမျှသာလော.... မဟုတ်သေး။

ခရစ်ယာန်ဘာသာသို့လည်း ဝင်ခဲ့ဖူးသည်၊ ဗုဒ္ဓဘာသာလည်း ဖြစ်ခဲ့ဖူးသည်၊ ဘုရင်ဂျီဘုန်းကြီးလုပ်ရန် Brothers ခေါ် "မောင်ရင်" လည်း ဝတ်ခဲ့ဖူးသည်၊ လယ်တီဆရာတော်ထံ၌ ဗုဒ္ဓဘာသာ ဘုန်းကြီးအဖြစ် ရဟန်းဘောင်သို့လည်း ရောက်ခဲ့ဖူးသည်။

သူ၏ဘဝ အတွေ့အကြုံများကား ရင်သပ်ရှုမော အံ့သြလောက်စရာကောင်းအောင် ကြွယ်ဝခဲ့လျက် သူ၏ ဘဝသည်လည်း ခေါက်ရှာငှက်ပျံသကဲ့သို့ နိမ့်တုံ–မြင့်တုံနှင့် ကြေကွဲစရာတို့က ပို၍များခဲ့သည်ဟု ဆိုရမည်သာ ဖြစ်သည်။

ဆရာကြီးရေးခဲ့သော ကြီးပွားရေး လမ်းညွှန်စာအုပ်များကို ဖတ်၍ မြန်မာနိုင်ငံတွင် လူပေါင်းများစွာသည် ကြီးပွားတိုးတက်ခဲ့ကြသည်။

"အရက်၏အပြစ်" ကို ရေးသော ဆရာကြီး၏ စာများကို ဖတ်ကာ... အရက်ပြတ်ခဲ့ကြသူများလည်း မနည်းလှ...။

သို့သော်... ထိုစာတို့ကိုရေးသော ဆရာကြီး ကိုယ်တိုင်မှာကား အရက်လည်း မပြတ်... ကြီးပွားမှုလည်း မရှိဘဲ ဆင်းရဲ ငြိုငြင်စွာ

mgyoe.com

mgyoe.com


ဘဝခရီးအား လျှောက်နေပုံကို မြင်ရသောအခါ၌ အံ့အားသင့်စရာပင် ကောင်းလှပေသည်။

ဤသို့ ဖြစ်ရခြင်းမှာလည်း ဆရာကြီးသည် အခြားသူများကိုသာ နည်းပေးလမ်းပြပေးလျက် ရှိသော်လည်း သူကိုယ်တိုင်မူကား သူ့ဘဝကိုသူ "ကွန်ထရိုး" မလုပ်နိုင်မှုကြောင့်ဟုပင် သေတ္တာချရပေလိမ့်မည်။

(၉)

ခေါက်ရှာ ငှက် ပျံသကဲ့သို့ နိမ့်တုံ မြင့်တုံဖြင့် ဘဝ၏ ကွေ့ပေါင်းများစွာကို ဖြတ်သန်းလာခဲ့ရာမှ ၁၉၃၉ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်နေ့တွင် သူ့ဘဝနိဂုံး၏တံခါးဝသို့ သူ၏ဘဝကံကြမ္မာသည် သူ့အား တွန်းထိုးပို့ဆောင်လိုက်ပေပြီ။

ထိုနေ့ နံနက် ၁၁ နာရီအချိန်တွင် ဆူးလေ ဘုရားလမ်းရှိ မြန်မာ့အလင်း သတင်းစာတိုက် အမျိုးသားနေ့ အလှူပွဲသို့ လာပြီး အိမ်အပြန် ဗန္ဓုလပန်းခြံ (ထိုစဉ်က ဘုရင်မ ပန်းခြံ) ဘေးတွင် စက်ဘီးတိုက်ခံရသောကြောင့် ခြေကျိုး၍ သွားခဲ့ရပေသည်။

ဤသည်ပင်လျှင် သူ့ဘဝ နိဂုံး၏ တံခါးဝသို့ အတင်းတွန်းထိုးအပို့ခံလိုက်ရခြင်းဖြစ်သည်။

ထိုအချိန်က ဆရာကြီးသည် ၁၂၆ လမ်း၊ အိမ်အမှတ် ၄၅ တွင် ငှားရမ်းနေထိုင်နေသော အချိန်ဖြစ်သည်။

စက်ဘီးတိုက်ခံရပြီး ဆေးရုံကြီးသို့ ရောက်ကာ ၁၉၄၀ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ဆရာကြီး ပီ-မိုးနင်းသည် ကွယ်လွန်အနိစ္စရောက်ကာ သူ့ဘဝအား နိဂုံးချုပ်လိုက်ပေသည်။

တိုက်ဆိုင်လွန်းလှသည်ဟု ဆိုရမည်လား မပြောတတ်။ ဆရာ

mgyoe.com

mgyoe.com



ကြီး ပီ–မိုးနင်းကို မွေးဖွားခဲ့သော ၁၂၄၅ ခုနှစ် တန်ဆောင်မုန်း လဆန်း ၆ ရက် တနင်္လာနေ့၌ ၉ နာရီ ၁၀ နာရီတိုင်အောင် မိုးနှင်းများ ထူထပ်စွာ ကျရောက်နေ၍ သူ ကွယ်လွန်သော ဇန်နဝါရီလ (နတ်တော်လ) ရာသီမှာလည်း ဆီးနှင်းများ ထူထပ်စွာ ကျရောက်နေသော ရာသီဖြစ်နေခြင်းပင် ဖြစ်သည်။

မိုးနှင်းများကျနေချိန် မွေးသဖြင့် သူ့အရပ်က သူ့အား ငယ်စဉ်က "မိုးနှင်း" ဟု ခေါ်ခဲ့ကြသည်။

"ပီ–မိုးနင်း" ဟု ဖြစ်လာရသည်မှာလည်း အလုံရပ်ရှိ ဘက်ပတစ်ကျောင်းတွင် လက်တင် ဘာသာပြ ဆရာအလုပ်လျှောက်လွှာတင်သော အခါ၌ မြန်မာအမည်ဖြင့် လျှောက်သည်ကို လက်မခံသောကြောင့် ကျောင်းနေစဉ်က သူ၏ ဘုရင်ဂျီဘာသာအမည် Phillip ဟူ၍ ရှိခဲ့ရာ ၎င်းမှ (ပီ) ကို ယူကာ "မိုးနှင်း" ရှေ့မှတပ်ပြီး... "ပီ–မိုးနင်း" ဟု လျှောက်လွှာတင်မှ ထိုအလုပ်ကို ရခဲ့သောကြောင့် "ပီ–မိုးနင်း" ဖြစ်လာရခြင်း ဖြစ်သည်။

သို့သော် ဆရာကြီး၏ ဇာတာ၌ ပါရှိသောအမည်မှာကား... မောင်ကျော်ညွှန့်ဖြစ်သည်။ ရန်ကုန်မြို့၌မူကား... ဆရာကြီးအား ဆရာကျော်ဟုသာ ခေါ်ဝေါ်သူ များပေသည်။

(၁၀)

ဤ "နေညိုညို" ဝတ္ထုသည် ပစ္စက္ခ မြန်မာ့ ဝတ္ထု သမိုင်းတွင် ကဏ္ဍသစ်တစ်ခုကို ဖွင့်ပေးခဲ့သော ဝတ္ထုဟု ဆိုလျှင် မမှားနိုင်ပေ၊ ဤ "နေညိုညို" ဝတ္ထု၏ ခံယူချက်များကို ကြည့်ကာ ဆရာကြီး ပီ–မိုးနင်းကိုလည်း ပစ္စက္ခ မြန်မာစာပေသမိုင်းတွင် ကဏ္ဍသစ်တစ်ခုသို့ ရောက်အောင် လွှန်ခဲ့သော နှစ်ပေါင်း ၄၀ ကပင် ခေါင်းဆောင်မှု ပေး

mgyoe.com

mgyoe.com


ခဲ့သော "စာပေ ခေါင်းဆောင်ကြီး" အဖြစ်ဖြင့် မြင်ကြရပေလိမ့်မည်။

အဘယ့်ကြောင့်ဆိုသော်... လွန်ခဲ့သော နှစ်ပေါင်း ၄၀ ပတ်ဝန်းကျင်အချိန်က မြန်မာဝတ္ထုများကို ကြည့်လျှင် "တိမ်နီ တိမ်ပြာ တိမ်ဝါ မကရ်း၊ တိမ်မရမ်းတွေနှင့်..." ဟုအစချီကာ ပုံပြင်ဆန်ဆန် ဝတ္ထုများကို အများဆုံး တွေ့နေခဲ့ရပေသည်။

ထိုကဲ့သို့သော ဝတ္ထုများကြားမှ ထိုခေတ်ကို တော်လှန်ကာ ဆရာကြီး ပီ-မိုးနင်းသည် ဝတ္ထုပုံသဏ္ဍာန်ပီသသော ဝတ္ထုများကို ရေးသား မွေးထုတ်ခဲ့သည်။

စာပေ ရေးသားမှုနှင့် ပတ်သက်၍ သူ၏ခံယူချက်ကိုလည်း ယခုနေညိုညိုဝတ္ထုတွင် ဆရာကြီး ပီ-မိုးနင်းသည် ဤသို့ ဖော်ထုတ်ခဲ့ပေသည်။

"... တကယ်လို့ ရှေးဆရာများနဲ့ ထပ်တူ ရေးနေမယ်ဆိုရင် ဉာဏ်သစ်မတိုးဘဲ ဉာဏ်ဟောင်းချည်း ရှိနေမှာပဲ၊ ဉာဏ်သစ် မတိုးရင်လည်း - မြန်မာစာပေ ပညာဟာ အသေလိုဖြစ်ပြီး တိုးတက်ကြီးပွားဖို့ ဖြစ်နိုင်မှာ မဟုတ်ဘူး၊ ...... အချို့ဟာ ဦးပုညလေကို အတုခိုးပြီး ရေးနေကြပါတယ်။ သည်လိုသာ အတုခိုးကြမယ်ဆိုရင် ဦးပုညကိုလည်း မမီကာလလည်း မဆန်-ဉာဏ်သစ်လည်း မတိုးဘဲ အကျိုးမရှိတဲ့ စာကို ရေးတာလို ဖြစ်နေမှာပါပဲ...။

"အတိုခိုးပြီး ရေးရင် အတုအပဖြစ်မှာပေါ့၊ သည်တော့ စာဖတ်တဲ့ သူများက အတုအပကို မဖတ်ချင်ကြဘဲ ဦးပုညအစစ်ကို ဖတ်ချင်ကြပေလိမ့်မယ်။ တကယ်လို့ ကိုယ်ပိုင်ဉာဏ်ကို သုံးပြီး နည်းသစ် နည်းဆန်း ထွင်နိုင်တယ်ဆိုရင် စာဖတ်သူများမှာ အကျိုးကျေးဇူးရှိမှာပဲ၊ စာဆိုတာ အဘိ

mgyoe.com

mgyoe.com



ဓမ္မာလို တရားသေ မဟုတ်လေတော့– ခေတ်ကာလ အလျောက် ပြောင်းလဲမှလည်း ကောင်းတာကလား...”

“ရှေးပညာရှိများ ရေးတဲ့ စာများကတော့ တစ်ခါ တစ်ခါ အကိုးအကားပြုဖို့ ကောင်းပါရဲ့၊ အဘိဓမ္မာမှာ မူလ ရှိရင်း ကျမ်းထက် ပိုမို ချဲ့ထွင်ပြောင်းလဲရင် အပြစ်မကင်း၊ “လျော့လျှင် မိစ္ဆာ – သာလျှင် ဒိဋ္ဌိ” ဆိုတာလို ဖြစ်တတ်ပါ တယ်၊ စာရေးစာစီမှာတော့ကာ ဉာဏ်ရှိသလောက် အသစ် ထွင်ခွင့် ရှိပါတယ်၊ အသစ်ထွင်လို့ မိစ္ဆာလည်း မဖြစ်၊ ဒိဋ္ဌိ လည်း မဖြစ်နိုင်ပါဘူး...။

“ဥပမာ– ပန်းချီအတတ် ဆိုပါတော့၊ ရှေးရှေးက ရေးကြတဲ့ ဆရာခြို ဆရာပုံတို့ နည်းကိုသာ လိုက်ပြီး။ နန်းဟန်ကလေးကိုသာ ရေးချယ်ကြမယ်ဆိုရင် ယခုလို တိုးတက်ကြီးပွားကြမှာ မဟုတ်ဘူး၊ စာရေးတဲ့နေရာမှာလည်း နန်းသုံး မန်းသုံးကိုသာ သုံးနေမယ်ဆိုရင် ထီးနန်းမပြောင်းမလွှဲရင် ရေးစရာ ရှိတော့မှာ မဟုတ်ဘူး၊ နေရာတိုင်းမှာ နန်းဆန်လျှင် ရယ်ရွှင်စရာလည်း ဖြစ်တတ်ပါတယ်၊ ထီးနန်းအကြောင်း ကို ရေးတဲ့အခါ ထီးသံနန်းသံပါမှ ကောင်းတာပါပဲ။ အရပ်သူ အရပ် သား အလေ့အကျင့်ကိုရေးရင် အရပ်ဟန်ပါမှ စာရေးကောင်းလို့ ဆို ရပါတယ်...”

“သည့်ပြင်လည်း... စာရေးတဲ့နေရာမှာ လင်္ကာပြောင်ဖို့ကိုသာ အားထုတ်ပြီး မှတ်သားဖို့ ကောင်းတဲ့ အတွေးအခေါ် အကြံအစည် ဉာဏ်ရည်ဉာဏ်သွား မပါမရှိပြန်မှဖြင့် စာဖတ်တဲ့ လူမှာ ဉာဏ်သစ် မတိုးဘဲ အကျိုးမဲ့ ဖြစ်တာပါပဲ...”

“သည့်ပြင်လည်း ရှေးပညာရှိများ သုံးစွဲပြီးတဲ့ စကားကိုသာ တစ် ဆင့်သုံးပြီး ကိုယ်ပိုင်ဉာဏ်ကို မထုတ်ကြရင် စာရေးကောင်းလို့ မဆိုနိုင်

mgyoe.com

mgyoe.com



ဘူး၊ ရှေးပညာရှိတို့ရေးတဲ့ စာညွှန့်ပေါင်း ဆယ်အုပ်လောက် ဖတ်ရင် ရှေးစကားတွေကို သုံးလို့ မကုန်နိုင်အောင် ရှိတာပါပဲ…"

လွန်ခဲ့သော နှစ်ပေါင်း ၄၀ က ဆရာကြီး ပီမိုးနင်း၏ စာပေ ရေးရာ ခံယူချက်များကို ယနေ့ခေတ် စာရေးဆရာများသည် လိုက်နာ ရေးသားလျက် ရှိကြပေပြီ။

ထို့ကြောင့်… ဆရာကြီး ပီမိုးနင်းသည် ပစ္စုပ္ပန် မြန်မာစာပေ သမိုင်း၏ ကဏ္ဍသစ်တစ်ခုကို ခေါင်းဆောင်မှု ပေးခဲ့သော "စာပေ ခေါင်းဆောင်ကြီး" ဖြစ်သကဲ့သို့ သူ ပြုစုရေးသားခဲ့သော ဤ "နေညို ညို" ဝတ္ထုသည်လည်း ပစ္စုပ္ပန်မြန်မာဝတ္ထုသမိုင်း၏ ကဏ္ဍသစ်တစ်ခုကို ဖွင့်ပေးခဲ့သော ဝတ္ထုဟူ၍ပင်… သေတ္တာချရမည် ဖြစ်ပေသတည်း။

မြင့်ဆွေ
၂၄-၁၀-၆၀

■

mgyoe.com

mgyoe.com

# အခန်း (၁)

"မြိုင်ခြေရိပ်ခွင်၊ ရွက်ဟောင်းစင်၍၊
ညှာပင်ကြွေလု၊ ရတုရွှင်ရွှင်၊
သန့်ရှင်းစင်လျက်၊ ဝါလွင်နီမြန်း၊
ပေါက်ဆူးပန်းတို့၊ ထူးဆန်းလှတင့်၊
ရိုးတံမြင့်နှင့်၊ ပွင့်ပြစီစီ၊
ကုမ်ရာသီ...."

ဟူ၍ ရှေးပညာရှိတို့ စပ်ဆိုလေ့ရှိသော မာသဆင်းသန့်၊ သင်းရနံ့နှင့်၊ နှင်းပျံ့ရိပ်ငြိမ်၊ ဖလ်ရဝိန်လည်း၊ မြူလိမ်နည်းပါး၊ ထောင်ရောင်ဖြင့် ကစားလျက်၊ မိုဃ်းဖျားထက်ပြင်၊ စက်မောင်းကိုနှင်သည့်အခါ တပို့တွဲလရာသီသည် ညဥ့်အခါနှင့်တူသော ဆောင်းဥတု၏အရုဏ်တက် စဖြစ်သော နံနက်ယံအချိန်နှင့် တူလေ၏။

အရုဏ်တက်စ လင်းရောင်ပေါ်စ ဖြစ်သော နံနက်စောစောအချိန်၌ ကြည်လင်ထွန်းသစ်သော နေ့အချိန်ကို မျှော်လင့်ကာ ကျေးသာရကာတမာကြက်တော အုတ်ရွှေဩတို့သည် လူးလာပျံသန်းလောကနယ်တဝှမ်းဝယ် ဆန်းကြယ်သော တူရိယာသံတို့ကို ပျံ့နှံ့စေလျက် မောင်မယ်ယှက်တွဲ အစွမ်းကုန်အောင် အလွမ်းဆုံစေဖို့ စခန်းစုံနွဲကြသလို

mgyoe.com

mgyoe.com


ဝဋ္ဋာပွဲ ကျင်းပကြသည့်ပမာ လေတွင်ကျက်စား လေတွင်ကြွားလျက် တောင် ပံရွက်ဖြင့် ထက်အောက်လူးလာ နွေဥတုအရဏ်အလာတွင် နေ့အချိန်နှင့် တူသော ဥတုဂိမ္ဗန္တ နွေအစကို သာယာသောအသံတို့ဖြင့် ခရီးဦးကြိုပြုကြသောကြောင့် ထိုတပို့တွဲလသည် အထူးစည်ပင်သဖြင့် လေပြင်မြေပြင် ရပ်နှစ်ခွင်တွင် လွန်ပင်တင့်ဆန်း ရှုမခန်းအောင် အခေါင်အဖျား လှပသည့် လရာသီ ဖြစ်လေသတည်း။

ထိုတပို့တွဲလရာသီ မြူခိုးရီသည့်အခါ ညနေချမ်းချိန်အလာတွင် ရွှေတောင်မြို့မှ ပြည်မြို့ဘက်သို့လာသော လမ်းပေါ်တွင် ယောကျ်ားပျို တစ်ယောက်သည် မြင်းညိုကလေးကို စီးကာ အေးအေးဆေးဆေး တွေးတွေးဆဆ ကြည်လင်အေးမြသော လေချိုကို ရှူရှိုက်ကာ တစ် ကိုယ်တည်း လာခဲ့လေ၏။

ထိုလမ်း၌ လူသူလေးပါး အသွားအလာ အတော်ပင် ပြတ်လပ် သော အချိန်အခါ ဖြစ်လေရကား တစ်ခါတစ်ခါ ပျင်းပျင်းရိရိ မောင်း၍ သွားကြသော လှည်းအနည်းငယ်မျှကိုသာ တွေ့မြင်ရလေ၏။

၎င်းမြင်းနှင့် မြင်းစီးသမား လူယောကျ်ားသည် မြန်မာလူနှင့် မြန်မာမြင်းပင် မှန်ကြသော်လည်း ကုန်းနှီးဇက်ကြိုးတို့မှာ အင်္ဂလိပ် သားရေကုန်းနှီး သားရေဇက်ကြိုးများဖြစ်သည့်ပြင် မြင်းမှာလည်း မြီးဆံဖားရား ခရီးများသည့် အသွားညင်သာဗျာကရာ ပြေးတတ်သော မြန်မာမြင်းမျိုးနှင့်မတူ၊ ခေတ်ကာလအလျောက် မြန်မာမြင်းပင်ဖြစ်ပါ လျက် အမြီးနှင့် လည်ဆံမှာ ဗိုလ်ဆံတောက်ဟန် ညှပ်၍ထားသော သပ်ရပ်သော မြင်းညိုမြင်းလှ မြင်းဝကလေး ဖြစ်လေ၏။

မြင်းစီးသမားသည် ထိုကဲ့သို့ တဖြည်းဖြည်းလာခဲ့ရာ မိမိ၏ ဝဲယာ တစ်ဖက်တစ်ချက် တစ်ခါတစ်ခါမှ တောတန်းကုန်းမြင့် မြေ စခန်း တောလမ်းအကွေ့အကောက်ကလေးများကို မြင်ရင်း တစ်ရံ

mgyoe.com

mgyoe.com


တစ်ခါ လှပသော အိမ်နှင့် ခြံများကို တွေ့ရ၏။ တစ်ခါတစ်ခါတွင် ဆင်းသက်စ နေရောင်တွင် နီလွင်တောက်ပ ဝင်းထိန်လျက်နေကြသော ပေါက်ပင် ပေါက်ပန်းများကို မြင်ရ၏။

ထိုမှတစ်ပါးကျယ်ပြောသော လယ်ကွင်းကြီးများနှင့် မညီမညာ ဝေးလံစွာ တစ်ကိုယ်ရေတည်း ရှိကြကုန်သော တဲကွက်သာသာ အိမ်ငယ်များနှင့် ကွင်းပြင်ကြီးကို ထီးသို့ပမာ မိုးကာရန်ကြိုးစားသကဲ့သို့ မှတ်ထင်ရသော အထီးကျန်သစ်ပင်ကြီးများကို တွေ့မြင်ရလေ၏။

ၚင်းခရီးသည် ယောကျ်ားသည် အားလပ်ခွင့်ရသော တနင်္ဂနွေနေ့မို့ ပြည်မြို့မှ ရွှေတောင်မြို့သို့ လာရောက်လည်ပတ်ပြီးလျှင် ညနေစောင်း၍ အိမ်သို့ ပြန်လာသော စာရေးကြီးတစ်ယောက် ဖြစ်လေ၏။

ၚင်းစာရေးကြီးသည် တဖြည်းဖြည်းလာခဲ့လေရာ ပြည်မြို့ဘက်သို့ အတော်နီးကပ်၍ လာသောအခါ မိမိ လက်ဝဲဘက်၌ အေးမြရိပ်ငြိမ် ကျယ်ဝန်းသော ခြံကြီးကိုလည်းကောင်း၊ စွင့်စွင့်ကားကား ထွားထွား ကြိုင်းကြိုင်း နုနုပျိုပျို စိုစိုပြည်ပြည် ပေါက်၍နေကြသော ဆလတ် ဂေါ်ဖီပင်တို့၏ ကျယ်ပြန့်သာယာသော ခြံကြီးကိုလည်းကောင်း တစ်ဖက်တည်း တွေ့မြင်ရသဖြင့် ခြံအစပ်နှင့် ဆလတ်ဂေါ်ဖီခြံအစပ် နှစ်ရပ်သောအပိုင်းတို့၏အကြားဝယ် စက်ကြိုးမောင်းတို့ဖြင့် တပ်ဆင်၍ထားသော ရေတွင်းကလေးကိုလည်းကောင်း၊ ထိုရေတွင်း၏ တစ်ဖက်၌ အဆိုင်ဆိုင်ပွင့်၍နေသော နှင်းဆီရုံများကိုလည်းကောင်း တွေ့မြင်ရသဖြင့် ထိုရေတွင်း၌ရှိသော မြေဝမ်းတိုက်မှ တိုက်ရိုက်ထွက်ပေါ်၍ လာသည့် ရေကြည်ရေအေးကို သောက်ချင်သော အာသာသည် များစွာရှိ၍ လာသည်နှင့်တစ်ကြောင်း၊ မိမိစီး၍လာသော မြင်းအား ရေကို ဝလင်စွာ တိုက်လိုသောကြောင့် တစ်ကြောင်း၊ ထိုခြံနှင့်တကွ အတွင်းဘက်၌ ဖြူညိုညိုရှိသော သွပ်မိုးကိုသာမြင်ရသည့် အိမ်ကလေးကို

mgyoe.com

mgyoe.com


လှည့်လည် ကြည့်ရှုလိုသော ဆန္ဒကြောင့်တစ်ကြောင်း မြင်းဇက်ကို ဆွဲရပ်လိုက် လေ၏။

ၾငင်းယောကျ်ားပျိုသည် မြင်းပေါ်မှ ဆင်းလိုက်သောအခါ လူလုံး လူထည် အတော်ပင် ခံ့ညား ရှည်မားသူတစ်ယောက်ဖြစ်ကြောင်းကို သာ၍ ထင်ရှားစွာ သိရှိရ၏။

ကိုယ်ဟန်အမူအရာနှင့် မျက်နှာမှာလည်း များစွာထင်ပေါ် ကြော့ရှင်းသဖြင့် ဝင်းဝင်းတောက်ပသော နေရောင်စွယ်တို့ဖြင့် မျက်နှာမှာ မှုန်ခြယ်၍ မှုန်သလိုက်သည့်အခါ များစွာဖြူစင်လှပသူ တစ်ယောက်ဖြစ်ကြောင်းကို သိရှိနိုင်လေသတည်း။

ထိုလူသည် မြင်းပေါ်မှ ဆင်းပြီးနောက် မြင်း၏လည်ပင်းကို လက်ဝါးနှင့်ပုတ်ကာ မြင်းကို ဆွဲကိုင်လျက် လမ်းနံဘေးသို့ ဆင်းသွားလေရာ ခြံဝင်းတံခါးအနီးသို့အရောက်တွင် အသက်လေးဆယ်ခန့်ရှိသော ယောကျ်ားကြီး တစ်ယောက်သည် ခြံထဲမှ ထွက်လာသဖြင့် အဆိုပါ သားနားသော ခရီးသည် ယောကျ်ားကို မြင်သောအခါ အံ့အားသင့်၍ နေလေ၏။

ထိုအခါ ခရီးသည်က မြင်းကို ကိုင်ဆွဲရင်းပင် ခြံအတွင်းသို့ ဝင်သွားလေရာ... ခြံရှင်ယောကျ်ားကြီးက...

"မောင်ရင်... မြင်းကို ရေတိုက်ချင်လို့ ထင်ပါရဲ့... ဝင်ပါ ဝင်ပါ၊ ရေအလှူဆိုတာ ဆယ်ပါးသောဆုကို မတောင်းဘဲနဲ့ ပြည့်နိုင်ပါတယ်၊ မောင်ရင်လည်း ခရီးပန်းလာတယ်လို့ ဦး ထင်ပါတယ်၊ ဦးရေတွင်းကို မြင်ရင် ခရီးသွားလာသူ ဟူသမျှမှာ မသောက်ချင်သူ မရှိပါဘူး"

ဟု ပြောကာ... ရေတွင်းအနီးသို့ ခပ်သုတ်သုတ်လာပြီးလျှင် ရေများကို စက်ကြိုးနှင့် ဆွဲငင်လေ၏။

ခရီးသည်လည်း...

mgyoe.com

mgyoe.com


"ကျေးဇူးကြီးလှပါပြီ ခင်ဗျာ၊ ဦးခြံနဲ့ ရေတွင်းကို မြင်ရင်ပဲ ရေသောက်ချင်တဲ့ စိတ်ဟာ အင်မတန်မှပဲ ဖြစ်ပေါ်လာပါတယ်၊ ဦးမှာ သည်ရေတစ်တွင်းကြောင့် နေ့စဉ် ကုသိုလ်ပွားနေမှာပဲ"

ဟု ပြောရင်း စက်ကြိုးမှ ကျလာသော သွပ်ပုံးကြီးထဲ၌ မြ အဆင်းပမာ ကြည်လင်စိမ်းပြာသော ရေကြည် ရေအေးကို ငုံ့စောင်းကာ တဝကြီး ငုံ့၍သောက်ပြီး ခါးကို ဆန့်ကာ မတ်တတ်ရပ်လျက် အားရ ပါးရ အသက်ရှူပြီး...

"အေးလိုက်လေ ဦးရယ်... ယနေ့ညမှာဖြင့် ပထဝီမြေကြီးအတွင်း က သန့်သန့်ရှင်းရှင်း ဦးတိုက်ပေါ်ထွက်တဲ့ ရေချိုရေအေး ကမ္ဘာ့ အသက်ဆေးရည်ကြီးကို... သောက်ရသည့်ကျေးဇူးကြောင့် ကျွန်တော် ဖြင့် အထူးအိပ်လို့ ပျော်တော့မှာပဲ"

ဟု ပြောကာ နှုတ်သီးကိုထိုး၍လာသော မြင်းအား... သံပုံးကို စောင်း၍ပေးလေရာ မြင်းသည် နှုတ်သီးတစ်ခုလုံးကို ရေထဲတွင် ထိုး၍ စိမ်ပြီးလျှင် မြိန်မြိန်ကြီး စုပ်ခါယူလေ၏။

ခြံရှင် ယောကျ်ားကြီးသည်ကား ကြိုးကိုကိုင်ကာ လက်တစ်ဖက် နှင့် ခါးကိုထောက်ရင်း.... အလွန်တရာ အားရသောလက္ခဏာဖြင့်... ရေသောက်သော မြင်းကလေးကိုကြည့်ကာ....

"မောင့်မြင်းဟာ မြင်းချောကလေးပဲ"

ဟုပြော၍ ဆက်လက်၍မြင်းအကြောင်းကို မေးမည်အပြုတွင် အသက် လေးဆယ်ကျော်ကျော်ခန့်ရှိသော မိန်းမကြီးတစ်ယောက်သည် အိမ်ဘက်မှ အားရရွှင်ပြသောလက္ခဏာနှင့် ပြေး၍လာရာ ယောကျ်ား ကြီးသည် ဝမ်းမြောက်ဝမ်းသာ လှမ်း၍ကြည့်ရင်း...

"ဘယ့်နဲ့လဲ... ချောမောရဲ့လား၊ ဘာကလေးလဲ"

ဟု မေးလေ၏။

mgyoe.com

mgyoe.com


မိန်းမကြီးက...

"ယောကျ်ားကလေး... ယောကျ်ားကလေး ဖြူဖြူဖွေးဖွေး ကြည်ကြည်လင်လင်နဲ့ ငိုလိုက်တာလဲ တဝါးဝါး၊ ဟောကြားရဲ့ မဟုတ်လား..."

ဟု မေးလေရာ အူဝဲအူဝဲ အူဝဲဟူ၍ သဲသဲမဲမဲအော်ငိုသော အသံကို ကြားရလေ၏။

ခရီးသည်သည် မိမိ၏ လက်၌ရှိသော လက်ပတ်နာရီကို ကြည့်ပြီး ဒိုင်ယာရီ စာအုပ်ကို အိတ်ထဲမှထုတ်ကာမှတ်ရင်း မိန်းမကြီးအား...

"ယခုပဲ ဖွားသလား..."

ဟု မေးလေရာ မိန်းမကြီးက...

"ယခုပါပဲ မောင်ရင်ရဲ့၊ ယောကျ်ားကလေးမှန်း သိရင် သိချင်း အဒေါ် ပြေးလာတာပဲ"

ဟု ပြောနေခိုက် ခြံရှင် ယောကျ်ားကြီးက ဝင်းလှျံတောက်ပသော မျက်နှာ ရွှင်လန်းသောအမူအရာနှင့်...

"တူမောင် ခဏကလေး ဆိုင်းနိုင်ရင် ဆိုင်းပါဦး၊ မောင်ရင်အတွက်အချက်ကလေးများ နားလည်ပုံပေါ်တယ်၊ ကျုပ် ပြေး ကြည့်ပါရစေဦး"

ဟုပြောပြီး ပြေးသွားလေ၏။

မိန်းမကြီးက...

"သူ့မှာ အရင်မိန်းမကြီးက သားသမီးမရဘဲ ဆုံးသွားရှာတယ်။ အခုနောက်မိန်းမကျမှ သားဦးယောကျ်ားကိုရတာနဲ့ မိုးမမြင် လေမမြင် ဖြစ်သွားတာပါပဲ၊ အဒေါ်က အရင်မိန်းမကြီးရှိစဉ်ကတည်းက သည်အိမ်မှာ နေလာခဲ့ပါတယ်။ ဆွေမျိုးအရင်းအချာလိုပါပဲ၊ သူ့မိန်းမက မောင်ရင်တို့ သာသာလောက်ပဲ ရှိရှာပါလိမ့်မယ်၊ ရှမ်းမကလေး လှက

mgyoe.com

mgyoe.com


လှပါဘိသနဲ့၊ အဒေါ်နဲ့တော့ တယ်ပြီးမျက်နှာကြောမတဲ့ဘူး၊ သို့သော် လည်း တစ်ကြောင်းမထောက် တစ်ကြောင်းထောက်ဆိုတာလို နေရ တာပါပဲ၊ ယောကျ်ားကြီးနဲ့ မိန်းမပျိုကလေးညားရင် မိန်းမကလေး က တိုးပြီး မလိမ္မာရှံသာမက ယောကျ်ားကြီးလည်း ပေါတောတော ဖြစ်သွားတာပဲ၊ သားယောကျ်ား သားဦးကလေး ရပြန်တော့ ရူးသွားမှာ တောင် ကြောက်ရသေးတယ်..."

"ဒါထက်မောင်ရင် ဗေဒင်တတ်သလား သည်ကလေးဟာ ဘာ ကိစ္စ လူ့ပြည်ကို ရောက်လာသလဲ၊ သည်မှာဘယ်လောက်ကြာကြာ တည်းမလို့လဲဆိုတာ တတ်ရင်ကြည့်စမ်းပါ၊ ကလေးကတော့ အဒေါ် ကြီး အပြန်အလှန် မှောက်ချီလှန်ချီ ကြည့်ခဲ့ရလို့ တွေ့ခဲ့သည့်အတိုင်း မှန်ရင်ဖြင့် ယောကျ်ားကလေးပါပဲ၊ ရုပ်ရည်က တယ်ကောင်းတယ် မောင်ရင်ရဲ့... တစ်ဆိတ်လောက် ကြည့်ပါ၊ ဘာကိစ္စ သူပေါ်လာရသလဲ ကစော် သောက်ဖို့လား အင်းစိန်ထောင်သွားမလို့ လမ်းမှာ ခဏ ဝင် တည်းတာလား ဘိန်းခန်းက ကိစ္စတာဝန်ရှိလို့လား..."

ဟု ထူးထူးခြားခြား စကားများများနှင့် မရပ်စဲဘဲ ပြောဆို မေးမြန်းလေရာ ခရီးသည်က ရယ်မောချင်သော်လည်း မရယ်ဘဲ ရွှင်ပြ စွာ ပြုံးရင်း ဒိုင်ယာရီစာအုပ်ထဲတွင် ကြည့်ရှုကာ အင်းကွက်များ ဗယား ကွက်များ ရာဇမတ်ကွက်များ အဋ္ဌလဂ်များကို ၎င်းဒိုင်ယာရီစာအုပ်ထဲ မှာပင် ဆွဲခြစ်ရေးမှတ်ကာ ဂဏန်းတွေကို ခြစ်ခြုတ်ရေးသားလေ၏။

အတန်ကလေးခြစ်ခြုတ်ရေးသားမိသောအခါ ခေါင်းညိတ်လျက် တစ်ချက်တစ်ချက် အံ့အားသင့်သွားလေ၏။

ထိုအခါ မိန်းမကြီးက...

"ဘယ့်နဲ့လဲ မောင်ရင်ရဲ့၊ ဇာတာများ ကောင်းရဲ့လား... အုတ် ဘယ်နှချပ်ရသလဲ၊ ကသစ် ဘယ်နှပွင့်ရသလဲ ရာဇလား အထွန်းလား

mgyoe.com

mgyoe.com


သိုက်လား... သူ့အဖေလို ရှုးတူးတူးပဲ နေသလား အငိုဖြင့် အင်မတန် သန်တာပဲ၊ သူလူ့ပြည်ဝင်လာတာ ဘယ်လူများ လူ့ပြည်က ထွက်ရဖို့ ဖြစ်တာလဲ၊ သူ့အမေက နည်းနည်း အားကုန်နေတယ်၊ မမွေးခင်ကပဲ ပေါ်တောတော ဖြစ်နေတယ် မောင်ရဲ့၊ တော်တော်ကျပ်ကျပ်တည်း တည်း မွေးရတာကလား၊ သူ့အဖေစိတ်ကောင်းအောင် အဒေါ်က တော်ရုံတန်ရုံပြောရတာ၊ လူတစ်ယောက်ဖြစ်ဖို့ရာ သာမည မဟုတ်ဘူး၊ အသက်ဆံဖျားအားထုတ်ရတယ်၊ အဒေါ်ဖြင့် ဂျာမန်ဆယ်ယောက်ကို တစ်ယောက်တည်း ခံပြီး တိုက်ဝံ့ရဲ့၊ မီးမနေဝံ့ဘူး၊ သည့်အတွက် အခု ထက်တိုင် အပျိုကြီးလုပ်လာခဲ့တယ်... ငယ်ငယ်က ကျောင်းနေဖက် ဖြစ်ခဲ့တဲ့ အောင်မြတ်တို့များ အဒေါ်ကို ကြိုက်လိုက်တာ ရှုးနေတာပဲ၊ ညအခါ အိမ်နောက်ဖေးကနေနေပြီး ချိုးမှုတ်ရတာ တုံးခေါက်ရတာ တမောကြီးပါပဲ... ဘကြီးသမီးကဖြင့် သနပ်ခါးမှ အသွေးမပျက်ဘူး၊ အခုတော့ အောင်မြတ် သူ့ခမျာမှာ အဒေါ်ကို မရရှာတာနဲ့ တောထွက် ပြီး ကိုင်းလုပ်နေတယ်၊ သားတွေမြေးတွေနဲ့ ဖြစ်နေရှာပြီ၊ အခုတောင် လာခဲ့ပါ လာခဲ့ပါနှင့် နှစ်စဉ်ပဲ မှာနေတယ်၊ ကိုင်း... မောင်ရင် ဟောစမ်း ပါ အဒေါ်က စကားပြောရင် များများပြောတတ်ပါတယ်၊ ရှုးပေါ်ပေါ် လည်း မထင်ပါနဲ့"

ဟု ပြောလေရာ...

ခရီးသည်က မိန်းမကြီးပြောသော စကားများကို နားထောင်၍ ကောင်းသဖြင့် ရပ်ဆိုင်း၍ထားရသော ဂဏန်းသင်္ချာများကို ဆက်လက် ၍ ရေးပြန်ပြီးလျှင်...

"အင်မတန်ခိုင်လုံတဲ့ ဇာတာပါပဲ၊ သမာဓိရှိလိမ့်မယ်... သူတော် ကောင်းကလေးပဲ၊ ကုသိုလ်ဒါနကို များစွာ ပြုနိုင်တဲ့ သူဌေးကြီးတစ် ယောက် ဖြစ်ပါလိမ့်မယ်၊ အသက်လည်း ရှည်မယ့် ယောက်ျားသူတော်

mgyoe.com

mgyoe.com


ကောင်းကလေးပါပဲ..."

ဟု ပြောလေရာ မိန်းမကြီးက...

"မောင်ပြောတဲ့စကားများ မှန်စရာရှိပါတယ်၊ ဘယ်အတွက်လဲဆိုတော့ သူ့အဖေဟာ မိန်းမကလေးနဲ့ ညားရလို့ အဒေါ်မျက်စိထဲမှာ ကလေးကလားထင်ရသော်လည်း အသုံးအစွဲ အင်မတန် ကျစ်လျစ်တယ်၊ ကုသိုလ်ရေး ဒါနရေးမှာတော့ အနှမြောမရှိပါဘူး၊ အခုတောင် သူ့လက်ထဲမှာ ငွေအတော်များ ရှော့မယ်၊ သည်ခြံကို ငယ်ငယ်ကစပြီး လုပ်ခဲ့တာ အခုထက်တိုင် မြေယာတစ်ကွက်မှမလျော့ဘဲ တစ်နှစ်ထက် တစ်နှစ်တိုးပြီး ကျယ်လာတာပဲ၊ အဒေါ်အထင်မှာဖြင့် သူ့မှာ ငွေတွေ တော်တော်များနေပြီ ထင်တာပဲ၊ တစ်သက် ထိုင်စားလို့တောင် ကုန်မယ် မထင်ဘူး၊ အစားအသောက်များလည်း အင်မတန်ခြိုးခြံတာလား.... ဒီခြံထဲက ထွက်တဲ့အသီးအရွက်နဲ့ လိုလိုပြီးတာပါပဲ၊ ဒါတွေကြောင့် အဒေါ်နဲ့မတည့်တာကလား၊ အဒေါ်က ကောင်းမှ ဝတ်တတ်တယ် ကောင်းမှလည်း စားတတ်တဲ့ မိန်းမမောင်ရဲ့၊ မြက်မြက်ကလေးမှ ကြိုက်တာ၊ အဒေါ်က မိုးလင်းရင် ကာဖီသောက်ရမှ၊ သူတို့က ထမင်းကြမ်း ပဲပြုတ် လက်ဖက်ရည်ကြမ်းကို သောက်ကြစားကြတာကလား၊ ငွေဆိုတာ ပျံတတ်တယ် သမီးဆိုးနဲ့ တယ်တူတယ်၊ သမီးဆိုးများဟာ အရွယ်ရောက်လာရင် အင်မတန်ကြံပြီး ထိန်းရတယ်၊ အထိန်းမတတ်ရင် မျက်စပစ်ရာပါသွားတာပဲ၊ ငွေလည်းသည်လိုပဲ၊ အထိန်းမတတ်ရင် အတောင်ပေါက်သွားတာပဲ၊ သည့်ပြင်လည်း ငွေစဟာ မြွေနဲ့ တယ်တူတယ်။ ပခြုပ်နဲ့ ထားနိုင်မှ၊ သည့်ပြင်လည်း မြွေများဟာ ခြေမရှိဘဲနဲ့ သွားပါတယ်၊ မောင်ရင်တို့လို ငယ်ရွယ်သူများဟာ ကြပ်ကြပ်ကြီး သတိထားနိုင်မှ တော်ရုံကျတယ်၊ ငွေဆိုတာ ကာမစိတ်ရှိတဲ့ဟာမျိုး မောင်ရင်ရဲ့..."

mgyoe.com

mgyoe.com


ထိုအခါ ယောကျ်ားပျိုက...

"ဟုတ်ကဲ့... ကမ္ဘောဒီးယားတန်ခိုး တစ်မျိုးရှိတဲ့ဟာမျိုးပါပဲ"

ဟု မိန်းမကြီး၏ စကားအမှားကို ထောက်ခံပြင်ဆင်ရန် ပြောလေ၏။

မိန်းမကြီးက ဆက်လက်၍ ပြောပြန်သည်မှာ...

"အဒေါ်တို့ ငယ်ငယ်က အဒေါ်တို့အိမ်နားမှာ ချမ်းသာရယ်လို့ လူတစ်ယောက်ရှိတယ်၊ သူ့မိဘများက ချမ်းသာစေချင်တာနဲ့ ချမ်းသာဆိုတဲ့ နာမည်ကို ပေးတာပါပဲ၊ နာမည်ပေးတိုင်း ချမ်းသာမယ်ဆိုရင် မြန်မာတွေ သူဌေးချည့် ဖြစ်ကုန်မှာပဲ၊ အဒေါ် ပြောမယ် ရွှေရစေချင်လို့ ရွှေရှိလို့ မှည့်တာ ထင်ပေါ်စေချင်လို့ အောင်ပေါ်လို့ မှည့်တာ၊ ထွန်းကားစေချင်လို့ ဘိုးထွန်းလို့ မှည့်တာ၊ အဲဒီလိုမှည့်တာတွေဟာ သူတောင်းစား ဖြစ်ချင်ရင် ဖြစ်တာပဲ၊ အဒေါ်တွေ့ရတဲ့ မြသီးဆိုတဲ့ သူတောင်းစားမှာဖြင့် မြသီးလား မသီးလား မသိဘူး၊ ကိုယ်မှာဖြင့် ကြွက်နို့အပြည့် ရှိတာပဲ၊ ကာလလူများဟာ စာပုံနှိပ်တိုက်တွေနဲ့ အင်မတန် တူတာကလား မောင်ရင်ရဲ့၊ စာပုံနှိပ်တိုက်နာမည်များဟာ အင်မတန်ကြီးပြီး ဇမ္ဗူ ဘာညာဆိုလား ကမ္ဘာ ဘာဆိုလား စကြဝဠာ ဘာဆိုလား အဲဒီလိုလို နာမည်တွေကြီးပြီး အလုပ်သမားကိုတောင် လခမှန်မှန်မပေးနိုင်တဲ့ တိုက်တွေ ပြည့်နေတာပဲ၊ ဒါထက် အဒေါ် ပြောတဲ့ ချမ်းသာဆိုတဲ့လူဟာ ငွေကို သမီးအပျိုလို မထိန်းဘဲ အသုံးအစားကြီးတာနဲ့ ငွေစတွေ မရှိဘဲနဲ့ ခုတင်က မောင်ပြောတဲ့ ကာမစိတ် ထိပြီး ပြန်ပြေးကုန်တာ လွဲနေပါပကော၊ သည်တော့ လူ့နာမည် ချမ်းသာက လာပြီး မကယ်နိုင်ရှာဘူး မောင်ရင်ရဲ့"

ဟု ပြောလေ၏။

ယောကျ်ားပျိုသည်ကား... အိမ်နှင့် ခြံမြေကို လွန်စွာလှည့်လည်

mgyoe.com

mgyoe.com


ကြည့်ရှုလိုသော်လည်း နေအတော် ကျသွားပြီဖြစ်သောကြောင့် မိန်းမကြီးစကားဆုံးလျှင် အလွတ်ရုန်းကာ ပြေးမည်ဟု အကြံပြုနေသောကြောင့် စကားဆုံးလျှင် ဆုံးခြင်း...

"ကိုင်း... နေလည်း အတော်ကျသွားပြီ အဒေါ်ရဲ့၊ ကျွန်တော့်ကို အခွင့်ပြုပါဦး..."

ဟု ပြောပြီး မြင်းကို ဆွဲ၍ ထွက်သွားလေ၏။

မိန်းမကြီးသည်ကား အငြိုးနှင့် ပြောသကဲ့သို့ ခရီးသည် နောက်သို့ ဆက်လက်စကားပြောရင်း လိုက်သွားလေရာ ခရီးသည်က...

"သွားပြီ အဒေါ်၊ နောက်မှ ကျွန်တော် လာပါဦးမယ်"

ဟု ပြောကာ မြင်းစီး၍ ထွက်သွားသဖြင့်...

"ကောင်းပါပြီ မောင်ရင် ကောင်းပါပြီ"

ဟု ပြောပြီး...

"အိမ်မှာ ကလေးမျက်နှာမြင်နေတဲ့ အထဲမှာ ဘယ်က ဧည့်သည်လေ ဧည့်သည်လွင့် မြင်းတစ်ကောင်နဲ့ စွတ်စွတ်ရွတ်ရွတ် ရောက်လာသလဲ မသိပါဘူး၊ အချိန်တောင် မနည်းကုန်သွားပြီ၊ လူများ အလိုက်မသိတော့တာတွေ ခက်တာပဲ"

ဟု တိုးတိုး ပြောကာ သုတ်သီး သုတ်ပျာလှည့်၍ အိမ်သို့ ပြေးသွားလေ၏။

ယောကျ်ားပျိုသည်ကား မြင်းစီးရင်း မိန်းမကြီးပြောသော စကားများကို တွေးတောကာ စိတ်ထဲတွင် အူရွင်ကာ သွားလေ၏။

■

mgyoe.com

mgyoe.com

# အခန်း (၂)

ထို့နောက် ကိုးနှစ်ကျော်ခန့် ရှိလာသောအခါ အထက်ဖော်ပြခဲ့သော ခြံရှင်ယောကျ်ားကြီးသည် မိုးဥတုညဥ့်အခါ၊ ကိုးနာရီသာသာ အချိန်လောက်တွင် အိမ်အောက်၌ တစ်ကိုယ်တည်းရပ်ကာ ဥပုသ်နေ့ဖြစ်သောကြောင့် ပုတီးများစိပ်၍နေရာတွင် လေများသည် ပြင်းထန်စွာ ဝှေ့တိုက်၍ လာလေ၏။

မိုးများသည် ပြင်းထန်စွာ ချုန်းလျက် လျှပ်စီးများ တဝင်းဝင်း ပြက်လေ၏။

ထို့နောက် ကောင်းကင်၌ရှိသော မိုးတိမ်တို့သည် အကုန် အစင် ကျိုးပေါက်ကွဲပြို၍ကျလာသလို သည်းထန်သော မိုးကြီးသည် ရွာ၍ လာလေ၏။

ထိုအခါ လွန်စွာမှောင်လျက် မိမိ၏ရှေ့၌ မည်းမည်း– မည်း မည်း မကွဲမပြား ပေါက်ရောက်၍နေသော သစ်ပင်များကိုသာ မြင်ရ လေသတည်း။

ယင်းကဲ့သို့ နေသည့်အတွင်း မြေကြီးတုန်၍ မြေလျှောင်လှုပ်သကဲ့သို့ မှတ်ထင်လောက်သော အသံကို ဝေးလံသော နေရာအရပ်မှ ကြားနေသဖြင့်…

mgyoe.com

mgyoe.com


"အဟင်း– မြေလျှင်လှုပ်လျှင်လည်း လှုပ်ရှားခြင်း ဖြစ်ဖို့ ရှိသည်" ထိုအသံသည် တဖြည်းဖြည်းကျယ်လျက် မြေတုန်၍ လာ၏။

"အဘယ်သို့သော အသံပါပေနည်း"

ဟု တွေးတောဆင်ခြင်ကာနေခိုက်တွင် အသံသည် တိုး၍ ပြင်းထန်လာပြီးလျှင် ဝင်းထိန်သော ဓာတ်မီးအစွယ်ကြီးသည် မိမိ၏ ခြံဖက်သို့ ဝင်ကာ ထိုး၍ လာလေသည်ကို မြင်ရပြီးနောက် မကြာမီ ခြံအနီးတွင် ရပ်လာသော မော်တော်ကားကို မှောင်ထဲတွင် မည်းမည်းကြီး မြင်ရလေ၏။

မော်တော်ကားပေါ်မှ လူများလည်း ထကြွဆင်းသက်ခါ တီးတိုး ပြောသော စကားများကို ကြားရသောအခါ မကြာခဏ ကြားရဖူးသော မော်တော်ကား ဓားပြတွေဟု မှတ်ထင်ကာ လွန်စွာ ကြောက်ရွံ့လေ၏။

ထိုအတွင်းတွင် အိမ်ပေါ်က မောင်နေဦးကလေး မကျန် အဒေါ်ကြီး ဒေါ်မင်းဖဲနှင့် ဇနီးသည် မမယ်ကြဲတို့ပါ အိပ်ရာမှ နိုးကြပြီးလျှင် အိမ်အောက်သို့ ပြေးဆင်းလာကြပြီးနောက် ဒေါ်မင်းဖဲက အဘိုးကြီး အား...

"ကိုမြတ်စံ ကိုမြတ်စံ ဘာကို ငေးပြီး တွေးနေသလဲ– ရှင် တောင်သူကြီးဖြစ်လို့ ဖုတ်သွင်းရထား ဆိုက်လာတယ် မှတ်သလားရှင့်၊ တူးရှင်းဖျားမှာ မီးတောက်ဖို့ နေနေသာသာ ပိုးစုန်းကြူးတောင် အနား မလာဘူး၊ အခု လာတာတွေ မော်တော်ကား ဓားပြတွေပါ၊ လာလာ ပြေးကြ ပုန်းကြမှ တော်မယ်၊ ဆီးပြီး ခုခံနေရင် ရှင့်မိန်းမ ရှမ်းမကလေး ကို လမ်းချပြီး ရိုက်ခေါ်လိမ့်မယ်၊ ဘယ်ကို ပြေးကြမလဲ၊ နေဦး လာလာ ရှင်တို့ လင်မယားက တော်ရာ ကောက်ရိုးပုံမှာ သွားပုန်း၊ မောင်နေဦးနဲ့ ကျုပ်နဲ့က သင်းတို့ မော်တော်ကားအောက်မှာ ဝင်ပြီး ပုန်းမယ်၊ အို... မလှုပ်မခြောက် ငေါက်တောက်တောက် မလုပ်နေပါနဲ့၊ ဆင်းလာကြ

mgyoe.com

mgyoe.com


ပြီဟဲ့၊ မယ်ကြဲ ညည်းလင်ကြီးကို ခေါ်၊ ရှူးတူးတူးနဲ့၊ ဘာမှန်း ညာမှန်း သိတာကြီး မဟုတ်၊ ငွေရှိရင် မြေမြှုပ်ဖို့ တတ်တာကြီး၊ အခု သူ့အဖေ တွေ လာကုန်ပြီ၊ ကျောကွဲအောင် ရိုက်ပြီး တောင်းကြတော့မယ်"

ဟု ပြောလေ၏။

မောင်နေဦးနှင့် မမယ်ကြဲတို့သည် ကိုမြတ်စံကို တွယ်တန့် ဆွဲကိုင်ကာ ပုန်းကွယ်ရန် ပြောဆိုကာ ပျာယီးပျာယာ ထိတ်လန့် တကြား တောင်းပန်ဆွဲခေါ်ကြလေ၏။

ထိုအတွင်း ကိုမြတ်စံကို ခေါ်၍ မရသေးမီ မော်တော်ကား ကားပေါ်က ဆင်းလာသူတို့သည် အနီးသို့ ရောက်လာကြလေရာ မမင်းဇံက ကြောက်အားကြီးသဖြင့် ဘာကို ပြောမိမှန်း မသိဘဲ...

"အသက် ချမ်းသာပေးကြပါ မောင်တို့၊ ဟိုခြံထောင့်မှာ မြှုပ်ထား ပါတယ်၊ အိမ်မှာ ဘာမှ မရှိပါဘူး၊ လူလုံးချည်း ရှိကြပါတယ်၊ ခေါ်ချင် ရင် သူတို့ကို မခေါ်ကြပါနဲ့ အဒေါ်ကြီးကို ခေါ်သွားကြပါ မောင်ရင် တို့ သတ်လိုရင်လည်း အဒေါ်ကြီးကို သတ်ကြပါ၊ သူတို့ကို ချမ်းသာ ပေးပါ..."

ဟု ဒူးထောက်ခါ တောင်းပန်လေရာ...

"ဓားပြ မဟုတ်ပါဘူး ဧည့်သည်များပါ ဧည့်သည်များပါ"

ဟု အော်ကြသော မိန်းမသံများကို ကြားရသဖြင့် သေချာစွာ ကြည့်ကြသည့်အခိုက်တွင် မိန်းမ ၃ ယောက်သည် အိမ်အောက်သို့ ရောက်၍ အုပ်ဆောင်းကာ လာသော မိုးကာများကို သိမ်းရုပ်ကာ နေကြလေ၏။

ထိုအခါ အဘယ်က ဧည့်သည်များ ရောက်၍ လာကြပါသနည်း၊ သည်အသံများကိုလည်း မမှတ်မိပါကလား... စသည်ဖြင့် တွေးတော၍ အံ့အားသင့်နေကြစဉ် ဒေါ်မင်းဇံက...

mgyoe.com

mgyoe.com


"အော်... ဧည့်သည်များလား... လာကြပါ လာကြပါ၊ အသံကဖြင့် မိန်းမသံပါပဲ၊ ပုံပန်းကလည်း မိန်းမပါပဲ၊ သေးသေးသွယ်သွယ် နူးနူးညံ့ညံ့နဲ့ အဝတ်အစားတွေကလည်း သားနားပါဘိသနဲ့၊ နေပါဦး နေပါဦး သာပြီးစိတ်ချရအောင် အဒေါ်ကြီး စမ်းသပ်ကြည့်ပါရစေဦး မှောင်မိုက်လွန်းလို့ပါ..."

ဟု ပြောကာ ဒေါ်မင်းဖဲသည် ဧည့်သည်မိန်းမများကို ကိုင်မည် အပြုတွင် မိန်းမ သုံးယောက်က နောက်သို့ ဆုတ်ကာ...

"မိန်းမတွေပါရှင်... မကြောက်ကြပါနဲ့၊ မိုးရွာလို့ ဝင်ခိုကြတာပါ..."

ဟု ပြောလေရာ... မိန်းမအသံများသည် သာ၍ ထင်ရှားလာသဖြင့် ဦးမြတ်စံက...

"အို... မမင်းဖဲကလည်းဗျာ၊ ဧည့်သည်တွေပါလို့ ပြောနေမှပဲ၊ ကိုင်းကိုင်း.... အိမ်ပေါ်သို့ တက်ပါ ဘယ်က ဧည့်သည်ပဲဖြစ်ဖြစ် ဘယ်သူပဲဖြစ်ဖြစ် ဘာကိစ္စနဲ့ပဲ လာလာ ကျုပ်အိမ်ဟာ အမြဲ တံခါးဖွင့်နေတဲ့အိမ်ပါ၊ ဘယ်သူ့ကိုမှ ဆီးပြီး မကန့်ကွက် မဖယ်ရှားပါဘူး..."

ဟု ပြောကာ မိမိက အစပြု၍ အိမ်ပေါ်သို့ တက်လေလျှင် ဧည့်သည်များနှင့်အတူ အိမ်သားတစ်စုလုံး အိမ်ပေါ်သို့ တက်ကြလေ၏။

အိမ်မှာ တစ်ဆင့်တည်း ခပ်မြင့်မြင့် ဆောက်ထားသော အိမ်ကလေး ဖြစ်လေ၏။

အိမ်ပေါ်သို့ ရောက်ကြသောအခါ ဒေါ်မင်းဖဲသည် ပျာယီးပျာယာ မီးများ ထွန်းလေရာ... မီးရောင်ထဲတွင် သားနားသော မိန်းမသုံးယောက်ကို သေချာစွာ မြင်ကြရလေ၏။

၎င်းမိန်းမသုံးယောက်သည် ကားရပ်ကာ အိမ်၏ အနေအထား

mgyoe.com

mgyoe.com

ကို ကြည့်ရှုဟန်နှင့် နေကြပြီးနောက် အိမ်ရှင်များကို ကြည့်ပြီး အသက်လေးဆယ်ခန့်ရှိသော မိန်းမကြီး တစ်ယောက်က...

"ဒီအိမ် အတော်ပင် သင့်မြတ်တဲ့ အိမ်ပဲ၊ နေရာကျလိုက်တာ..."

ဟု ပြောလေ၏။

"အခြား မိန်းမပျိုတစ်ယောက်က...

"နေရာကျပါတယ် အခန့်သင့် ပြင်ထားသလိုပါပဲ"

ဟု ပြောလေ၏။

တစ်ယောက်သော မိန်းမပျိုမှာ စကားတစ်လုံးမျှ မပြောဘဲ တစ်ခုသော တိုင်အနီးတွင် တိုက်စောင်ကို ခြုံကာ ညှိုးငယ်သော မျက်နှာနှင့်ရပ်၍နေသဖြင့် အလွန်လှပသော ဆယ့်ရှစ်နှစ်ခန့်အရွယ် မိန်းမပျိုဖြစ်လေ၏။

ထိုမိန်းမ၏ ပုံသဏ္ဌာန်မှာ လှပဝင်းဝါသော မျက်နှာ၌ မျက်ကွင်းများ ခပ်ညိုညိုရှိသဖြင့် အတော်အားနည်းပုံ ရှိလေ၏။ သေးငယ်သော ကိုယ်လုံးကိုယ်ပေါက်မှာ ပြည့်ဝသော လက္ခဏာ ရှိလေ၏။

တစ်ခါတစ်ခါ ချောင်းကလေး တဟွဲဟွဲဆိုးပြီး ကြာကြာမရပ်နိုင်သဖြင့် သင်ဖြူးခင်းပြီးသည်နှင့် တစ်ပြိုင်တည်း ၎င်းသင်ဖြူးပေါ်တွင် ညင်သာစွာ ပုဆစ်တုပ်၍ ထိုင်ရင်း တိုက်စောင်ကလေးကို ရှေ့၌ လွှမ်းချကာ ဝမ်းနှင့်ရင်ကို လုံနိုင်သမျှ လုံအောင် ဖုံးလေ၏။

ဒေါ်မင်းဇံသည် ၎င်းမိန်းမပျို၏ ထူးခြားသော အမူအရာကိုသာ ဂရုစိုက်ကာ အကဲခတ်၍ ကြည့်ပြီးနောက် အပေါ်သို့ ကပ်ပြီးလျှင်...

"ကွမ်းစားပါ ဆေးလိပ်သောက်ပါ...."

ဟု ပြောလေ၏။

အခြား မိန်းမပျိုနှစ်ယောက်သည်လည်း အပါးတွင် ထိုင်ကြလေ၏။

mgyoe.com

mgyoe.com


ထိုအတွင်းတွင် ယောကျ်ားတစ်ယောက် တက်လာပြီးလျှင်...

"ကျွန်တော် သွားတော့မယ်၊ နက်ဖြန်မှ လာကြည့်မယ်..."

ဟု ပြောလေရာ... မိန်းမပျိုသည် ယောကျ်ားကို မကြည့်ဘဲ ခေါင်းငုံ့ကာ နေလေ၏။

ကြွင်းသော မိန်းမနှစ်ယောက်က...

"ဟုတ်ကဲ့ ကိုဘရှင်– ဒီအိမ်ဟာ သဘောကျလောက်ပါပြီ– အိမ်ရှင်များလည်း အင်မတန် တော်ပါတယ်"

ဟု ပြောလေရာ ၎င်းယောကျ်ားသည် မကျန်းမာသူ မိန်းမပျိုကို စိုက်ကြည့်ပြီးနောက် ဦးမြွတ်စံအား....

"ကျေးဇူး မမေ့ပါဘူးခင်ဗျား၊ ခေတ္တတည်းခိုခိုက်မှာ အနည်းငယ် သည်းညည်းခံလိမ့်မယ်လို့ ဘကြီးကို အားထားပါတယ်"

ဟု ပြောပြီး မိန်းမတစ်ယောက်ကို ခေါင်းညိတ်ကာ ခေါ်လေရာ မိန်းမနှစ်ယောက်သည် ထ၍ သွားကြပြီးလျှင် ၎င်းလူနှင့် တီးတိုးစကား ပြောကြပြီးနောက်– ယောကျ်ားက....

"ကိုင်း.... သွားမယ် မစော၊ ကျုပ် သွားတော့မယ်... အားမငယ် ပါနဲ့၊ နက်ဖြန်ခါကို လာပြီး ကြည့်ပါဦးမယ်"

ဟု ပြောလေရာ မကျန်းမာသော မိန်းမပျိုသည် ဝမ်းနည်းသော မျက်နှာနှင့် လှည့်ကာ ကြည့်ပြီး ခေါင်းညိတ်လိုက်လေ၏။

ယောကျ်ားပျိုလည်း ခေါင်းငုံ့၍ ဆင်းသွားလေ၏။

ထိုညဉ့်၌ အူဝဲ... အူဝဲ... အူဝဲနှင့် အော်ကာ ကလေး ကလေး တစ်ယောက်သည် ကမ္ဘာလောကကြီးအတွင်းသို့ နှုတ်ဆက်ကြွေးကြော် ကာ သုံးနာရီတိတိအချိန်တွင် လူ့ပြည်သို့ ဆင်းသက်၍ လာလေရာ ဒေါ်မင်းဖဲသည် လွန်စွာအားရလျက်.... မိန်းမ သုံးယောက်အနက် လက်သည်ဖြစ်သော မိန်းမအား များစွာကူညီ၍ ချက်ကြိုးကို ဖြတ်ခြင်း

mgyoe.com

mgyoe.com


ရေချိုးခြင်း စသည်တို့ကို ပြုလေ၏။

ကလေးမှာ မိန်းကလေး ဖြစ်လေ၏။

ဒေါ်မင်းဇံမှာ အပျိုကြီးဖြစ်သောကြောင့် မိမိကိုယ်တိုင် ကလေး မရဖူးသော်လည်း အခြား များစွာသော မိန်းမတို့ကို တွေ့ခဲ့ကြုံခဲ့ရသူ ဖြစ်လေရကား ထိုအရာ၌ လက်သည်လောက်နီးနီး ကျွမ်းကျင်လေ၏။

ကလေးကို ရေမိုးချိုးခိုက်တွင် ကလေးသည် တစ်ခါတစ်ရံ လွတ်ကာ အော်လျက် ငိုလေရာ ဒေါ်မင်းဇံက...

"ဟဲ့... တိတ်တိတ်နေ သိပ်ကြီး မအော်နဲ့၊ လူကြားကုန်မယ်၊ တိတ်တိတ်လာပြီး မွေးကာမှ ညည်းကတယ်ပြီး ကြော်ငြာထုတ်ချင်နေတယ်ပေါ့လေ– ရန်ကုန်မြို့ သတင်းစာထဲမှာ သွားပြီး ကြော်ငြာပါဦးလား... တကတည်း တ၀ါး၀ါးနဲ့ ညည်းလည်း တော်တော့်ဟာမကလေးပဲ၊ မောင်နေဦး မွေးတုန်းကနဲ့ တူလိုက်တာ၊ ချောလည်း ချောပါပေရဲ့ လှလည်း လှပါပေရဲ့ ကြော်ငြာလည်း ထုတ်ပါပေရဲ့ တိတ်တိတ် နေပါအေ... မတော်တဆ လူကြားရင် အိုကြီးအိုမ ငါ အထင်ခံနေရပါဦးမယ်..."

စသည်ဖြင့် ကလေးကို တစ်ဖျစ်တောက်တောက် မြည်တွန် ပြောဆိုကာ ရေမိုးချိုးပြီး ဆန်ကောထဲတွင် အ၀တ်များနှင့် ၀န်းရံ၍ ထားလေ၏။

နောက်တစ်နေ့ ညဥ့်အချိန်၌ မော်တော်ကား ရောက်လာပြန်ပြီး လျှင် စားစရာ သောက်စရာ ဖို့တဝိုင်၊ ဗျဲဒီ (ဘရန်ဒီ) စသည်များကို ယောကျ်ားပျိုသည် ပို့လာလေ၏။

အိမ်သားများလည်း များစွာ ဂရုစမ္မစိုက်ကာ ပြုစုကြလေ၏။

နောက်ဆယ်ရက်လောက် ကြာသောအခါ ညဥ့်အချိန် မော်တော်ကား ရောက်လာရာ ညေ့်သည်များသည် သွားကြရန်ပြင်ဆင်ကြလေ၏။

mgyoe.com

mgyoe.com


ဦးမြတ်စံ အိမ်သားတစ်စုတို့မှာလည်း မိန်းကလေး အချောအလှကလေးကို မိမိတို့အိမ်၌ လာရောက် မျက်နှာမြင်ပြီး... ကွယ်ပျောက်၍သွားတော့မည့်အကြောင်း သိကြသောအခါ များစွာ ဝမ်းနည်းပက်လက်ဖြစ်ကြလေ၏။

အကြောင်းမူကား မမယ်ကြဲမှာ သား မောင်နေဦးကို ရပြီးနောက်ဆက်လက်၍ အကျိုးမပေးသဖြင့် ကလေး လေးကို အင်မတန် လိုချင်ကြလေ၏။

ထိုအကြောင်းကို ဧည့်သည်များ သိမြင်ကြလေရာ တိတ်တိတ်ပုန်း မထင်မရှား လာရောက် ဖွားမြင်ရသော ကလေးဖြစ်သည်နှင့် နဂိုက စွန့်ပစ်ခဲ့ရန် စီမံကြဲရွယ်ရင်း ရှိကြသောကြောင့် ဦးမြတ်စံအား...

"ဒီကလေးကို မွေးမြူရစ်ပါ၊ စရိတ်ကို ကျွန်မတို့ တိတ်တိတ်ထောက်ပံ့ပါမယ်...."

ဟု ပြောကြလေရာ ဦးမြတ်စံမှာ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်...

"ငွေအတွက် ကိစ္စ မရှိပါဘူး၊ ကလေးကိုသာ လိုချင်တာပါပဲ၊ ကျုပ်တို့မှာလည်း သမီးမရှိလို့ပါ"

ဟု ပြောလေရာ မိခင်သည် ကလေးကို ပွေ့ပိုက်နမ်းပြီး မမယ်ကြဲ၏ လက်သို့ လှမ်း၍ ပေးလေ၏။

ထို့နောက် လက်ဆွဲအိတ်ထဲမှ ငွေစက္ကူ တစ်ဆယ်တန် အရွက်သုံးဆယ်လောက်ကို ထုတ်ပေးပြီး....

"နောက်ကိုလည်း ဆက်လက် ပေးပါဦးမယ်"

ဟု ပြောကာ သမီးကလေး ရင်သွေးကို မျက်ရည်များနှင့် သေချာစွာ ကြည့်ပြီး နောက်ဆုံးတစ်ကြိမ် အားရပါးရ နမ်းရှုပ်လျက် ဆင်းသွားလေ၏။

mgyoe.com

mgyoe.com



ဦးမြတ်စံလည်း ငွေစက္ကူများကို မယူချင်သော်လည်း ပြန်၍ပေးခွင့်မရဘဲ၊ ဝမ်းသာ၍ နေသောကြောင့် မေ့လျော့ မောမေ့၍ နေလေ၏။

ထိုအတွင်းတွင် ဧည့်သည်များသည် မော်တော်ကားနှင့် ထွက်သွားကြလေ၏။

■

mgyoe.com

mgyoe.com

# အခန်း (၃)

ငင်းကလေးမ ကလေးကို ဦးမြတ်စံသည် ကောင်းစွာ မွေးမြူ၍ လာခဲ့လေရာ... တစ်နှစ်လျှင် နှစ်ကြိမ် စရိတ်ငွေများ ရောက်လာလေ၏။

သို့သော်လည်း ထိုစရိတ်ငွေများသည် အဘယ်က ရောက်လာသည်ဟု မသိရချေ။

ငင်းကလေးမ ကလေးမှာ အသားမဖြူမညို စိမ်းစိမ်းကြည့်လျှင် အင်မတန် ချောမွတ်နူးညံ့သော အဆင်းရှိ၍ စိမ်းရောင်ပြေးလျက်... "အသားဖြူ မြင်းတပြေး၊ အသားညို ကွမ်းယာတစ်ကမ်း..." ဆိုသော စကားအရ စေ့စေ့ကြည့်လေ လှလေယဉ်လေ ဖြစ်သောကြောင့် ငင်းကို "ညိုညို" ဟူ၍ ခေါ်ကြလေ၏။

ညိုညိုသည် အရပ် မမြင့်လွန်းသော်လည်း ပုသည်ဟု မဆိုနိုင်သည့်ပြင် ကိုယ်ဟန်သေးသွယ် ကြော့ရှင်း သပ်ရပ်သဖြင့် အတန်ကလေး ရှည်သကဲ့သို့ မှတ်ထင်ရလေ၏။

ဆံပင်မှာ အထူးကောင်းလျက်... မော့ကာ ဖြန့်၍ ချလိုက်လျှင် သလုံးတစ်ဝက်သို့ ကော့ကာ ကျလျက် နေလေ၏။

mgyoe.com

mgyoe.com


အလွန်တရာရှင်း၍ ပြည့်တင်းသော လည်တိုင်၊ မရှည့်တရှည် ဝမ်းဘဲဥပမာ ဝိုင်းစက်စက် မကျလှသော မျက်နှာဖောင်းလျက်နေသော မျက်လုံးနှင့် ကော့သော မျက်တောင်၊ ညီညာသော သွား၊ ထင်ရှားသော နှာခေါင်း၊ ဆင်နှာမောင်းပမာ သွယ်ပြောင်း ပြေပြစ်သော ခြေထောက်၊ အထက်နှင့်အောက် အဆင်းအတက် အချိုးအစား လွန်စွာကျ၍ လှပ သေးသွယ် ထယ်ဝင့်သော ခါးမှာ ကားသော တင်နှင့် ပြည့်ဖောင်းသော ရင်၏ စပ်ကြား၌ စီး၍ထားအပ်သော ပန်းစည်းပမာ လွန်စွာတင့်တယ်သော အဟိုက်အကော့ ရှိသဖြင့် ညိုညိုသည် ဤမထင်ရှားသော နေရာ၌ တောထဲတွင် ပေါက်ကာ တစ်ကိုယ်ရေဆိတ်ကွယ်၍ နေရသော တောနှင်းပန်းကဲ့သို့ ကိုယ်စိတ်နှစ်ပါး လွန်စွာ သန့်ရှင်းလျက် နေလေ၏။

စိမ်းဖန့်ဖန့် မညိုမပြာသောအသားသည် ဆိတ်ငြိမ်သော ဥယျာဉ်၏ အသွေးအရောင်တို့ကို ဓာတ်ကူး၍ ယူသကဲ့သို့ မြို့ကြီးပြည်ကြီးများ၌ မမြင်ရမကြုံရသော အဆင်းဖြစ်လေ၏။

ညိုညိုသည် လူများသော မြို့ကြီးများ၌ ကြီးရသူ မဟုတ်သောကြောင့်… မြို့ကြီးများ၌ နေကြရရှာကုန်သော မိန်းမပျိုတို့၏ တုပဂုဏ်ပြိုင်သော အပြစ်မှ ကင်း၏။

အဆင်း၏ မာန်တက်ခြင်းကို နားမလည်ရှာ၊ ရိုးရိုးသားသား ဝတ်ဆင်ကာ နဂိုအလှဖြင့်သာ တင်းတိမ်ရရှာလေ၏။

ညိုညိုသည် စိမ်းစိုနုပျိုသာယာ မှိုင်းညို့သော ဥယျာဉ်ကြီး၌ အခါခါ လှည့်လည်ကာ မိမိမှာ ငယ်စဉ်က မွေးစားသော မိန်းကလေး ဖြစ်၍ မိမိချစ်လှသော ဖခင် ဦးမြတ်စံမှာ ဖခင်အရင်း မဟုတ်ကြောင်းကို တွေးတောကာ နေသည့်အခါ…

"ငါ၏ မိဘများသည် ငါ့ကို ဘယ်အတွက် ဤကဲ့သို့ လာ၍

mgyoe.com

mgyoe.com


စွန့်ပစ် သွားကြပါသနည်း၊ ငါသည် ဗုဒ္ဓဘာသာ မိကောင်းဖခင်တို့မှ မွေးသော မိန်းကလေး မဟုတ်၊ တိတ်တဆိတ် ပျော်ပါး၍ မတော်မတရား လူ့ဘဝရသော မိန်းကလေးပါတကား... ဤမောင်နေဦးသည် ငါ၏မောင်အရင်း မဟုတ်ပါတကား...၊ သူကဲ့သို့ လှပယဉ်ကျေးသိမ်မွေ့သော သူတစ်ယောက်ကိုမျှ မောင်အရင်းရယ်လို့ ခေါ်စရာ မရှိသည်မှာ... ငါ၏ ဝိပါက ကံကြမ္မာသည် လွန်စွာမှ ဆိုးလှပေသည်..."

စသည်ဖြင့် တွေးတောကာ မိမိ၏ အဖော်မဲ့သော ဘဝ– ဆွေမျိုးဉာတိ မရှိသော အခြေအနေကို ဆင်ခြင်လေလေ စိတ်ငယ်လေလေ ဖြစ်ရှာလေ၏။

ဦးမြတ်စံနှင့် မောင်နေဦး ဒေါ်မင်းဖဲတို့သည်ကား ညိုညိုအား အနည်းငယ်မျှ စိတ်နှလုံး ငြိုငြင်အောင် မပြုကြသည့်ပြင် အထူးသဖြင့် ယုယကာ – ညိုညိုကို ကြည့်လျက် ဂုဏ်တက်၍ နေကြလေ၏။

သို့သော်လည်း ညိုညိုသည် မိမိ၏ မိဘများကို တွေးတောကာ စိတ်နာလျက်...

"ငါ၏ မိခင်သည် အဘယ်သို့သော မိခင်ပါပေနည်း၊ ငါ၏ မိခင်သည် အဘယ်ပုံသဏ္ဌာန် ရှိပါမည်နည်း၊ ဖေဖေသည် အဘယ်လို ယောကျ်ားပါလိမ့်မလဲ..."

"စရိတ်ထောက်ပံ့ ငါ့ကို တိတ်တဆိတ် လာ၍ မွေးဖွားပုံကို ထောက်လိုက်ရင်၊ ဂုဏ်သိန်နည်းပါး ဆင်းရဲသား ဟုတ်မယ်မထင်..."

"အခုနေ အပျိုကလေးရယ်လို့ ဖြစ်အလာမှာ– မေမေ ဖေဖေလို့ ခေါ်ကာ နှဲ့စရာမှ မရှိရှာလေခြင်း..."

"ဤနေရာသည် ငါချစ်သော နေရာဖြစ်၏၊ ဤအဖေသည် ငါ့အသက်တမျှ ချစ်လှသော ကျေးဇူးရှင် ဖခင် ဖြစ်ပါ၏။ သို့သော်လည်း ဤနေရာသည် ငါ၏ နေရာ မဟုတ်ပါတကား။ ငါနှင့် တစ်စုံတစ်ရာ

mgyoe.com

mgyoe.com


မသက်ဆိုင်သော နေရာဌာနပေတကား"

"ငါ့မေမေ (မမယ်ကြဲ) သေပြီးကတည်းက တစ်ခါတစ်ခါ သည်အိမ်ကို လာတတ်တဲ့ အရိုးဖြစ်သူ ဒေါ်စာသည် ငါ့ကို မျက်မုန်းကျိုးနေသည်မှာ... ငါသည် မဆိုင်သောနေရာ၌ လာရောက်မင်းမူ၍ နေသော ငှက်ကဲ့သို့ ဖြစ်သောကြောင့် ငါ့ကို မုန်းထားခြင်း ဖြစ်၏။ စင်စစ်အားဖြင့် ဒေါ်စာကို အပြစ်တင်ဖို့ မရှိ၊ သူ့သမီး မရင်သာ သည်အိမ်မှာ လာရောက် မင်းမူကာ နေဖို့ သင့်၏...

"အခုမှာ ငါသည် မတရားလာ၍ နေ၏။ ငါမတရားလာ၍ နေခြင်းဟာလည်း... ငါ၏ အပြစ်မဟုတ်ပေ..."

"အော်... လူများဟာ သူတို့ဘာသာ အပျော်ကြူးပြီး, အပြစ်မရှိတဲ့ သားသမီးကို ဒီလိုပဲ စွန့်ပစ်ခါ တစ်သက်လုံး ဆင်းရဲအောင် ပြုကြသည်မှာ ဤလူ့ပြည်သည် လွန်စွာ ဆိုးသွမ်းတဲ့ လူ့ပြည်ပါကလား..."

"သို့သော်လည်း အချို့သော မိဘများမှာ တိတ်တဆိတ် ပျော်ပါးပြီး... အပြစ်မရှိဘဲ မိမိတို့ သဘောအတိုင်း မဟုတ်၊ မိမိတို့ အလိုမတူဘဲ လူဖြစ်၍လာရတဲ့ ကလေးများ၏ လည်ကို ညှစ်ကာ သတ်ဖြတ်စွန့်ပစ်ကြတယ်လို့ ကြားရတယ်၊ သည်လို မိဘမျိုးနဲ့စာရင် ငါ့မိဘများသည် အင်မတန် ကျေးဇူးတင်စရာ ကောင်းလှပေသည်"

စသည်ဖြင့် တွေးတောမိလေ၏။

အရိုးဒေါ်စာသည် ဦးမြတ်စံ၏ နှမတဝမ်းကွဲဖြစ်၍... သမီးမယ်ရင်ကို မောင်နေဦးနှင့် ပေးစားပြီးလျှင် ဦးမြတ်စံသေသည့်အခါ... ဤအိမ်နှင့် ဤခြံကို လုံးလုံးလျားလျား ဆက်ခံစေဖို့ရန် အကြံရှိလေရာ ညိုညိုသည် မိမိ၏ အကြံ၌ အနှောင့်အယှက်သဖွယ် ဖြစ်၍နေလေ၏။

ညိုညိုအရွယ်မရောက်မီက ညိုညို၏ မထင်ရှားသော မိဘများ

mgyoe.com

mgyoe.com


သည် စရိတ်ထောက်၍နေသဖြင့် ပြောခွင့်ဆိုခွင့် မရချေ။

ယခုမှာ ညိုညို၏ မိဘရင်းထံမှ အထောက်အပံ့ မရောက်သည်မှာ နှစ်ပေါင်းအတန်ကြာပြီ ဖြစ်သောကြောင့် ဒေါ်စာသည် သမီးမရင်နှင့် လာရောက်သည့်အခါ ညိုညိုကို ပြောချင်ဆိုချင် ရှိ၏။

"အဆင်း ရှိပါလျက် အချင်းမရှိ၊ ညိုညိုသည် ကျီးအာသီး ကင်းပုံသီးနှင့် တူသည်၊ မိန်းမ မပီသ၊ ထမီကိုမှ တိုတိုမဝတ်တတ်... ကြမ်းကို ထမီနှင့် တိုက်လုခမန်း ဝတ်သည်မှာ ပျင်းရိသော မိန်းမတို့၏ အမှတ်လက္ခဏာ ဖြစ်သည်"

စသည်ဖြင့် ပြောလေ့ ရှိ၏။

ညိုညိုသည် မိမိ၏ကံဆိုးသောဘဝကို တွေးတောကာ တစ်ကိုယ်တည်း ခြံထဲ၌ လှည့်လည်နေသည့်အခါ သမီး မရင်နှင့် အတင်းပြောလျက် မဲ့ကာရွဲ့ကာ...

"ကြည့်ပါလား မိန်းမကိုက လောကွတ် ပျူငှာမရှိ၊ ဝန်တိုမိစ္ဆာနဲ့ မကောင်းတာကို တွေးပြီး တစ်ကိုယ်တည်းနေတဲ့အုံ့ပုန်းမ မဟုတ်လား"

စသည်ဖြင့် ပြောဆိုလေ့ရှိ၏။

မရင်သည်ကား အပြုအပြင် လွန်စွာ များ၍ အနည်းငယ်မျှ မလှပသော ရုပ်ရည်မှာ တော်ရုံကလေးမျှ ကြည်သာရုံရှိသော်လည်း မိမိ၌ညိုညိုထက် အသားဖြူသည်လောကွတ်ကောင်းသည် သွက်လက်လျင်မြန်သည် စသည်ဖြင့်.... တွေးကာ ဂုဏ်ပြိုင်၍ နေလေ၏။

ညိုညိုသည်ကား ၎င်းတို့သားအမိနှစ်ယောက်၏ အသည်းနှလုံးကို ထိုးဆွ၍နေသော ဣဿာပိုး ဣဿာလောက်တို့အကြောင်းကို အနည်းငယ်မျှ တွေးတောခြင်း မရှိ၊ မိမိ၏ ဒုက္ခကိုသာ တွေးတောဆင်ခြင်ကာ ၎င်းတို့ကို မြင်သည့်အခါ... စကားအနည်းငယ်သာ ပြော၏။

mgyoe.com

mgyoe.com


ဒေါ်မင်းဖဲသည်ကား ညိုညိုကို လုံမကလေးဟု ခေါ်ကာ သမီး အရင်းလို ချစ်ရှာလျက် ဒေါ်စာ သားအမိနှစ်ယောက်တို့ လာသည့် အခါတိုင်း ၎င်းတို့၏ ဝန်တိုသော အမူအရာကို ကောင်းစွာ သိသဖြင့် ညိုညိုကို လွန်စွာ အရေးလုပ်လျက် ညိုညို လိမ္မာသည့်အကြောင်းများ ကိုသာ အဖန်ဖန် ပြောလေ့ရှိ၏။

မောင်နေဦးသည်ကား... ၎င်းတို့ သားအမိနှစ်ယောက်ကို များစွာ ဂရုမစိုက်ချေ။

မောင်နေဦး ကျောင်းပိတ်၍ အိမ်သို့ ပြန်နေသောအခါများ၌ ၎င်း သားအမိသည် ရွှေတောင်မြို့မှ လာကြ၍ ထိုခြံထဲ၌ စားသောက်ကာ နေကြသော မောင်နေဦးသည် ညိုညိုနှင့် အတူတကွ လည်ပတ်ကာ၊ ညိုညို စိုက်ထားသော ပန်းပင်များကို လှည့်လည်ကြည့်ရှုနေသည့်အခါ၊ မရင်သည် အပါးကပ်၍လာပြီးလျှင်၊ သွက်လက်လျင်မြန်သော နှုတ် လျှာဖြင့်... "ကိုကို... ကိုကို" ဟု ခေါ်ကာ... မကြာခဏ အရေးသယ် လေ၏။

မောင်နေဦးသည်ကား... ယဉ်ကျေး သိမ်မွေ့သူတစ်ယောက် ဖြစ် သောကြောင့် မငြင်းဆန်ဘဲ ပြန်လှန်ကာ အရေး ယူရရှာလေ၏။

မိမိ၏ စိတ်၌ကား... မရင်သည် ညိုညိုကို များစွာ နှောင့်ယှက် သည်ဟု သိလျက် များစွာ စိတ်မကောင်း ဖြစ်လေ၏။

မောင်နေဦးသည် ယခုအခါ ပြည်မြို့ကောလိပ်ကျောင်းကြီးတွင် မက်ထရိကူလေးရှင်း အတန်း၌ နေသဖြင့် အိမ်သို့ ပြန်လာသည့်အခါ ညိုညိုကို သင်ပြပေးသောကြောင့် ညိုညိုမှာ အင်္ဂလိပ်စကားကိုပင် ကောင်းစွာ မပြောတတ်သော်လည်း ခုနစ်တန်း ရှစ်တန်းလောက်နီးနီး ရေးတယ် ဖတ်တတ်လေ၏။

ထို့ပြင် ဦးမြတ်စံ စုဆောင်း၍ထားသော မြန်မာစာဟောင်း

mgyoe.com

mgyoe.com


ပေဟောင်းများကိုလည်း အားလပ်သောကြောင့် ညိုညို၏ဉာဏ်သည် မိမိ စိုက်ထားသော နှင်းဆီပန်းများကဲ့သို့ တိတ်တဆိတ် စည်ကားလျက် ညိုညို၏အကြောင်းကို မည်သူမှ မသိသော်လည်း မြန်မာစာကို အတော်ကြီး တတ်မြောက်၍ နေလေ၏။

ညိုညိုသည် ငါးရာ့ငါးဆယ်၊ ဇာတ်ကြီးဆယ်ဘွဲ့၊ လောကနီတိ၊ ရာဇဝင်၊ မဟာဝင်၊ ဓမ္မပဒ၊ ဓိနတ္ထ၊ မိလိန္ဒပဥှာ၊ စွယ်စုံကျော်ထင်၊သမန္တစက္ခုဟုခေါ်ဆိုအပ်သော ကျမ်းများကို အကုန်အစင် ဖတ်ဖူးသည့်ပြင် တေးချင်းကဗျာ၊ ပျို့လင်္ကာတို့ကိုလည်း များစွာ ဖတ်ဖူးသဖြင့် မိမိကိုယ်ကိုပင် တတ်သိလိမ္မာသူတစ်ယောက် ဖြစ်ကြောင်းကို မသိသော်လည်း တစ်ရံတစ်ခါ အချိုးအစား မကျသော တေးချင်း ကဗျာ၊ ဇာတ်စာ၊ ဝတ္ထုစာအုပ်များကို ဖတ်ရသည့်အခါ မသင့်လျော်သော အချက်များကို မြင်တတ် တွေ့တတ်သည့်ပြင် ဤလိုစာမျိုးကို ငါရေးလျှင် ဖြစ်ကောင်း ဖြစ်မည်ဟု တစ်ရံတစ်ခါ တွေးထင်မိလေ၏။

သို့ တွေးထင်မိသည်သာမက မိမိ စိုက်သော ပန်းပင်များအကြောင်းကို တစ်ရံတစ်ခါ ဖွဲ့နွဲ့၍ တေးထပ်အတိုအစကလေးများကို ရေးစပ်ကာ မောင်နေဦးအား ပြမိလေ၏။

မောင်နေဦးသည် ထိုတေးကဗျာကို မြင်သောအခါ တေးကဗျာ၏ အရသာကို သိတတ်သူဖြစ်သောကြောင့် အံ့အားသင့်ကာ...

"ညိုညို မင်း ဒါတွေကို ဘယ်က တတ်သလဲ..."

ဟု အံ့သြ၍ မေးမိလေ၏။

သို့သော်လည်း ညိုညိုသည် ယခု ၁၇ နှစ်ခန့်မျှသာ ရှိ၏။

ညိုညိုသည် ငယ်ရွယ်သူပင်ဖြစ်ငြားသော်လည်း ဖတ်ရှုသင်ကြားမှတ်သားကာ နေရသော စာပေများသဖြင့် စိတ်သဘောသည် အခြားမိန်းကလေးများနှင့်အတူ အသိဉာဏ်များစွာရင့်လျက် မိမိ၏ အခြေ

mgyoe.com

mgyoe.com

အနေသည် မိမိနှင့် မသက်မဆိုင် မိမိ၏ ဌာနနေရာမဟုတ်ကြောင်းကို သာ၍ သေချာစွာ သိရလေ၏။

သို့သော်လည်း မောင်နေဦးကို မောင်ရင်းမက ချစ်၏။

မောင်နေဦးသည်လည်း ညိုညိုကို မိမိ၏ နှမ၊ မဟုတ်ကြောင်း သိလျက် ထိုထက် ပိုမိုကာ ချစ်၏။

ဤနှစ်သွယ် နှစ်လွန်းယှဉ်ပြိုင်သော အချစ်ကြိုးကို ညိုညိုသည် အသို့လျှင် ဖြတ်တောက်ကာ လွတ်ရာသို့ ပြေးနိုင်ပါမည်နည်း။

မောင်နေဦးသည် ညိုညိုမရှိလျှင် ဤခြံနှင့်ဤအိမ်ကို လုံးလုံးကြီး စွန့်ပစ်ကာ ကမ္ဘာအနှံ့ ညိုညိုကို လိုက်၍ ရှာလိမ့်မည်ဟု ညိုညိုသည် ကောင်းစွာသိလျက် များစွာ အကြံရခက်လေ၏။

■

mgyoe.com

mgyoe.com

# အခန်း (၄)

ပူအိုက်သော တပေါင်းလ ရာသီတွင် မောင်နေဦးသည် ကျောင်းပိတ်သောကြောင့် အိမ်သို့ ပြန်၍ နေလေ၏။

မောင်နေဦးသည် အိမ်၌ ရှိစဉ်အခါ၊ အချည်းနှီးအချိန်ကို မဖြုန်းဘဲ၊ ညီညီစိုက်ပျိုးပြုပြင်၍ထားသော အိမ်ရှေ့ပန်းခြံကိုသာ သပ်ရပ်သားနားသည်ထက် သားနားအောင် ပြုပြင်စီမံကာ ဉာဏ်ရှိသလောက်အလှကို ဆင်ယင်လေ၏။

သို့ပင် ပြုပြင် ဆင်ယင်သော်လည်း ညီညီ၏ နမူနာ ညီညီမူလ စီမံသည့် အရာရာတို့ကိုကား ပြုပြင်ပြောင်းလဲခြင်း မပြုချေ။

ကတ်ကြေးနှင့်ညှပ်ခြင်း မြက်အမှိုက်တို့ကို သုတ်သင်ခြင်း ပြည်မြို့မှ မိမိ ရရှိခဲ့သော ပန်းပင်များကို ထပ်မံ ဖြည့်သွင်းစိုက်ပျိုးခြင်းများကိုသာ ပြုလေ့ရှိ၏။

အကြောင်းမူကား ညီညီသည် ပန်းကို လွန်စွာ နှစ်သက်စုံမက်သဖြင့် မောင်နေဦး ကျောင်းပိတ်၍ ပြန်လာသည့်အခါ ညီညီသည် မည်သည့်အရာကိုမျှ မှာလေ့မရှိ၊ ပန်းများကိုသာ ရအောင်ယူခဲ့ဖို့ရန်

mgyoe.com

mgyoe.com


မှာထားလေ့ရှိသဖြင့် မောင်နေဦးသည် ပြည်မြို့ကသာ မဟုတ်၊ ရန်ကုန်မြို့က ပန်းများကိုပင် မရမက မိတ်ဆွေများထံ မှာထားဝယ်ယူ၍ လာတတ်လေ၏။

ဦးမြတ်စံနှင့် ဒေါ်မင်းဇံတို့သည်ကား မိမိတို့ နေရသော အိမ်နှင့်ခြံမှာ ရှေးရှေးသော ခေတ်သမယကနှင့်မတူ ဤကလေးနှစ်ယောက်ပေါ်ပေါက်ကြီးပြင်း၍ လာသည့်နေ့မှစ၍ များစွာသော ပြောင်းလဲခြင်းများ ဖြစ်ကြောင်းကို သိရှိကြလျက် အိမ်တစက်မြိတ်၌ ဆွဲ၍ထားသော ပန်း အမျိုးမျိုး အိမ်နံရံ၌ တွယ်၍တက်သော ပန်းအမျိုးမျိုး အိမ်ရှေ့၌ အိမ်တစ်ခုလုံးကို မြုပ်အောင် ကွယ်ကာလုမတတ်ရှိနေသော ပန်း အမျိုးမျိုးတို့ကို ကြည့်ရှုကာ ကာလလူငယ်တို့၏ စိတ်ကူးသည် တစ်မျိုးအားဖြင့် ယဉ်ကျေးပါပေသည်ဟု တွေးမိကြလေ၏။

ဦးမြတ်စံသည် မိမိငယ်စဉ်အခါ သမယကစ၍ ပြုပြင် ပျိုးထောင်တီထွင်လာခဲ့သော ထိုခြံ ထိုအိမ်၏ အခြေအနေပြောင်းလဲခြင်းကို အခါခါ ကြည့်ရှု ဆင်ခြင်လျက်....

"ငါသည်ကား တစ်နေ့တခြား အိုလာ၏။ ဤနေရာသည်ကား တစ်နေ့တခြား ပျို၍လာ၏။ ငါသည် မကြာမီ ဤချစ်လှသော ဌာနကို ကေန် စွန့်ပစ်ရချေတော့မည်၊ ငါ၏ခြံ ငါ၏ အိမ်ကို ဤမျှလောက်နုပျိုလှပအောင် ပြုပြင်တတ်ကြသော ဤကလေးနှစ်ယောက်သည် မကွဲမပြား ဤခြံကို ကောင်းစွာ ဆက်ခံ သိမ်းပိုက်ကြပါလျှင် ဤခြံသည်ဤထက်ပင် ပိုမို၍ တင့်တယ်သော အဖြစ်သို့ ရောက်ဖို့ ရှိပေ၏...။

"သို့သော်လည်း ကာလ လူငယ်တို့၏ စိတ်သည် လွန်စွာပြောင်းလဲလွယ်သဖြင့် ငါ၏လက်ရာကို ဖျက်ဆီးရုံမျှသာလျှင် ပြုပြင်ကာ ငါ၏စိတ်၌ တွယ်တာခြင်း ဥပါဒါန်တရားကိုသာ တိုးတက်အောင်ပြုကြလေသလား..."

mgyoe.com

mgyoe.com


"ငါသည် အဘယ်နည်းနှင့် သင်းတို့နှစ်ယောက်အတွက် စိတ်လက်ချနိုင်ပါမည်နည်း...

"ငါကွယ်လွန် အနိစ္စရောက်မှဖြင့် ငါ၏ခြံကို ရောင်းစားထုခွဲကာ မြို့ကြီး ရပ်ကြီးများသို့ ပြောင်း၍ သွားကြလျှင် ဤငါ၏ ရှေ့၌ရှိသော ဂူနှင့်တကွ ငါသေလျှင် ထိုဂူ၏ အပေါ်း၌ ကိန်းဝပ်ရမည်ဖြစ်၍ ၎င်းဂူများသည် ရက်စက်သော သူစိမ်းတို့၏လက်ဖြင့် ညှာတာခြင်းမဲ့ကာ ဖျက်ဆီးရာကို ခံရပေတော့မည်...။

"ဩော်... အနိစ္စ အနိစ္စ သေရချည့်သေးရဲ့၊ သေရချည့်သေးရဲ့ ရှင်မယ်ကြဲသည် ငါ့အရင် စွန့်ခွာ၍ သွားသလို ငါချစ်သော ဤကလေး နှစ်ယောက်နှင့် ဤအိမ် ဤခြံကို စွန့်ရချေသေးရဲ့၊ သခၤါရဆိုတဲ့ တရားလက်နက် ပြောင်းလဲခြင်း စက်ကွင်းမှာ တစ်နေ့သ၌ ဤငါ၏ လက်ရာအားလုံးတို့သည် ပျက်ပြုန်းကွယ်ပျောက် ဆုံးပါးခြင်းသို့ ရောက်ချေသေးရဲ့"

ဟု တွေးတောကာ အိမ်၏အနောက်ဘက် ဝင်းခြံစည်းရိုးအနီးတွင် ပေါက်၍နေသော ကံ့ကော်ပင် နှစ်ပင်စပ်ကြားငြိမ်သက်စွာ တည်ရှိသည့် ဖြူစင်သော မမယ်ကြဲ၏ဂူကို အိမ်အနောက် ပြတင်းပေါက်မှ ရပ်ကာ ရှုစားရင်း မျက်လုံးများမှာ ဝေလျက် မျက်ရည်ပေါက်ကြီးများ ကျ၍ လာလေ၏။

ဒေါ်မင်းဖဲမှာလည်း ဤအိမ်၌ပင် တစ်နေ့ထက် တစ်နေ့ တရွေ့ရွေ့ အိုမင်းလျက် အဟောင်းအမြင်းတို့၏ သိုမှီးရာ သေတ္တာဟောင်းကြီးနှင့်တူသဖြင့် ညိုညိုနှင့် စကားပြောသည့်အခါ အခြားစကားများကို မပြောဘဲ ဤအိမ် ဤခြံ၏ ရေးအဖြစ်အပျက်တို့ကိုသာ ပြောလေ့ရှိ၏။

ထိုကဲ့သို့ ပြောသည့်အခါတိုင်း ဖခင်နှင့်တကွ မိမိပါ ကွယ်လွန် အနိစ္စရောက်သည့်အခါ ထိုခြံကလေးကို မပျောက်မပျက်ဆက်လက်

mgyoe.com

mgyoe.com


ကာ မောင်နေဦးနှင့်အတူ စောင့်ထိန်း၍ နေရစ်ကြရန် မှာထားလေ့ရှိ၏။

အဆိုပါ ညနေချမ်းအချိန် မောင်နေဦးသည် ပန်းခြံထဲတွင် အလုပ် လုပ်၍နေစဉ် ဒေါ်မင်းဖုံသည် အိမ်အောက်၌ ဆေးပေါ့လိပ် လိပ်၍ နေ၏။

ဦးမြတ်စံသည်ကား.... အဆိုပါ အနောက်ပြတင်းပေါက်၌ ရပ်ကာ ကွယ်လွန်သူ ဇနီးသည်ကို တွေးတောနေလေ၏။

ထိုကဲ့သို့ တွေးတောနေခိုက်တွင် ညိုညိုသည် ပန်းညှပ်သော ကတ်ကြေးကြီးကိုင်ကာ အိမ်ပေါ်မှ ဆင်းမည်အပြုတွင် ဖခင်အနီးသို့ ရောက်လာလေရာ...

"ဖေဖေ ဒီကနေ့ နေကောင်းရဲ့လား"

ဟု အပါးသို့ကပ်ကာ လာလေ၏။

ထိုအခါ ဘိုးမြတ်စံသည် ညိုညိုကို လှည့်ကြည့်ကာ ဖွာလျက် ရှိသော ဆေးတံကို ပြတင်းဝတွင် ရိုက်၍ခါပြီး အနီးရှိ စားပွဲငယ်ပေါ် တွင်ချလျက် ညိုညိုကို သေချာစွာ စိုက်၍ ကြည့်ကာ...

"အေးအေး ကောင်းတယ်– မောင်နေဦးကို တစ်သက်လုံး ကူညီ ပါနော်– ဖေဖေ သေရင်လည်း မင့်မေမေ အနားမှာ ဆက်ဆက် ဂူတစ်ခု လုပ်၍ထားပါ၊ ဖေဖေ ကြာကြာ နေရမယ် မထင်ဘူး..."

ဟု ပြောလေ၏။

ထိုအခါ ညိုညိုက မောင်နေဦးအကြောင်းနှင့် ပတ်သက်၍ တစ်စုံ တစ်ရာ ပြန်လှန်မပြောဘဲ...

"ဖေဖေ ဒီလိုမပြောပါနဲ့၊ ဖေဖေ အမာကြီး ရှိပါသေးတယ်– ဖေဖေ မသေနိုင်သေးပါဘူး၊ ဖေဖေ သေဖို့စကားကို မပြောပါနဲ့၊ ညိုညို ဝမ်းနည်းလွန်းလို့ပါ၊ ညိုညိုတို့နဲ့ ဖေဖေ ကြာကြာကြီး နေနိုင်ပါသေး တယ်"

mgyoe.com

mgyoe.com


ဟု ပြောလေ၏။

ဘိုးမြတ်စံက ခွေးခြေပေါ်တွင် ထိုင်ကာ ညိုညို၏ပခုံးနှစ်ဖက်ကို မြဲစွာကိုင်လျက်– ချစ်ခင်စွာ မိမိအပါးသို့ ဆွဲယူလျှင်...

"သမီးကြီး လိမ်လိမ်မာမာနေနော်၊ ဖေဖေ့မှာ မင်းမေမေလို အနိစ္စခေါ်တဲ့ တံခါးဝကြီးနဲ့ တစ်နေ့တခြား နီးလာပြီ။ ဖေဖေငယ်ငယ်က စိုက်ထားတဲ့ အိမ်နောက်ဖေးက သရက်ပင်ကြီးဟာလည်း မနေ့က လေတိုက်ပြီးလဲတယ်၊ ဖေဖေ နေရတော့မှာ မဟုတ်ဘူး၊ မကြာမီ မင်းမေမေရှိရာကို လိုက်ရလိမ့်မယ် ထင်တယ်။ ဒီသစ်ပင်ကြီးဟာ နိမိတ်ပြတဲ့ သစ်ပင်ကြီးပဲ၊ သို့သော်လည်း ဖေဖေ စိတ်ချပြီး အသေဖြောင့်အောင် လုပ်ပါ မောင်နေဦးကို တစ်သက်လုံးကူပါ၊ မောင်နေဦးကို ယူပါ"

ဟု ပြောလေ၏။

ထိုအခါ ညိုညိုမှာ မျက်ရည်လည်လျက်...

"ဖေဖေ သေဖို့ အကြောင်းကို မပြောပါနဲ့ ဖေဖေရယ်... ဒီသစ်ပင်ဟာ လေတိုက်လို့ လဲတာပါ၊ ဖေဖေနဲ့ ဘာမှ မဆိုင်ပါဘူး၊ သည့်ပြင်လည်း ကိုကိုဟာ ညိုညိုမောင် အရင်းလို ဖြစ်နေပါတယ်။ ညိုညိုဖြင့် ယူဖို့ရန် အင်မတန် ခက်ပါတယ်"

ဟု ပြောလေ၏။

"မခက်ပါဘူးသမီး မခက်ပါဘူး၊ ဘာခက်စရာရှိသလဲ ဖေဖေ့စကားကို နားထောင်ပါ၊ မောင်နေဦးကို မယူလျှင် တကွဲတပြား ဖြစ်မယ်၊ ဖေဖေ့ သမီး ဘယ်ကို သွားပြီး နေမလဲ၊ ဖေဖေ စိတ်မချနိုင်ဘူး၊ သည်ခြံနဲ့ သည်အိမ်ကိုလည်း မပျက်မစီး မပျောက်မဆုံးဘဲ နေရစ်ဖို့ရန် ဖေဖေ ဆန္ဒရှိပါတယ်– ငါ့သမီးနေဦးကို မယူရင် ဖေဖေနဲ့ မင်းမေမေ ဂုဏ်များဟာ ကြာကြာ တည်ရစ်တော့မှာ မဟုတ်ဘူး..."

mgyoe.com

mgyoe.com


ဟု ပြောကာ အနောက်ဘက်ကောင်းကင်မှ ရိုက်ဆင်းသော နေရောင်ခြည်၌ ဖြူဝင်းစွာ တည်နေသော ဂူကလေးသည် မိုးအုံ့သဖြင့် တဖြည်းဖြည်း ညို့၍သွားသည်ကို ဘိုးမြတ်စံသည် ကြည့်ရှုကာ နေလေ၏။

ထိုကဲ့သို့ နေခိုက်တွင် ၎င်းဂူ၌ ငြိမ်သက်စွာ ကိန်းဝပ်၍နေသော မိခင်မမယ်ကြဲ အလောင်းသည် အသက်ရှင်၍ ဂူမှ ထွက်ပေါ်ကာ ဝမ်းနည်းသော အမူအရာနှင့် ညိုညိုကိုကြည့်ကာ နေသကဲ့သို့ မျက်စိထဲတွင် ထင်မြင်၍ လာလေရာ ၎င်းမိခင်၏ချစ်ခင်ကြင်နာ ပြုစုယုယခြင်း အရာရာတို့ကို ပြန်လှန်တွေးတောကာ ညိုညိုမှာ မျက်ရည်တွေဝေ၍ လာပြီးလျှင်...

"ဖေဖေ ညိုညို စဉ်းစားပါရစေဦး"

ဟု ပြောလေ၏။

ဘိုးမြတ်စံက...

"အေး... အေး စဉ်းစား စဉ်းစား၊ ဖေဖေ သွားရတော့မယ်၊ ဖေဖေ စိတ်ချရအောင် လုပ်ပါ...."

ဟု ပြောလေရာ ညိုညိုသည် စိတ်လက်လေးလံ အင်မတန် အတွေးအတောများသော အမူအရာနှင့် ဖခင် ဘိုးမြတ်စံအပါးမှ ခွာ၍ လာပြီးလျှင် အိမ်ပေါ်မှ ဆင်း၍ လာလေရာ... ဒေါ်မင်းဇံအပါးသို့ ရောက်သွားပြီးလျှင် စကား မပြောဘဲ ဒေါ်မင်းဇံကို ကြည့်ကာ ငေးမော၍ နေလေ၏။

ဒေါ်မင်းဇံက...

"လုံမကလေး... မင်းမောင်ကို သွားကူမလို့လား၊ အေး... အေး... ကူချေ... ကူချေ၊ လုံမကလေး မောင်က လုံမလေးကို အင်မတန် ချစ်ရှာတယ်၊ ခုတင်ကပဲ ညိုညို အိပ်နေသလားလို့ မေးပြီး ပန်းခြံထဲ

mgyoe.com

mgyoe.com


ထွက် သွားတယ်၊ လုံမလေးနဲ့ လူကလေးတစ်သက်လုံး မောင်နှမ ယောင်ဆောင်ပြီး မနေနိုင်ဘူး၊ မောင်နှမယောင်ဆောင်ရင် လုံမကလေး ကိုယူဖို့ တခြား လူတစ်ယောက် စွတ်စွတ်ရွတ်ရွတ် ချောင်ကြိုချောင် ကြားက ပေါ်ပေါက်လာရင်... လူကလေးကို မယ်ရင်က ဗိုလ်ဆံ တောက် ဆွဲပြီး အတင်း မြင်းလုပ်လို့ စီးတော့မယ်၊ ဒီတော့... ဟော သည်ခြံဟာ–ဟိုကောင်မ လော်လည်လို့ – ချစ်တီးလက်ကို ရောက် မလား၊ လူကလေး ပြောင်းရွှေ့လို့ ဒီခြံကို ရောင်းစားရမလား မသိဘူး၊ ကိုင်း... သွား... သွား ညည်းမောင်ကို ကူပါ..."

ဟု ပြောလေရာ ညိုညိုကား...

"ဤအမယ်ကြီး၏ နှုတ်ခမ်းမှာ သူရဿတီနတ်များ... စောင့် ကြပ်ကာ ဖေဖေနဲ့ တစ်ထပ်တည်း ပြောလေသလား၊ ငါသည် သူနဲ့ အပေါတ်ပဲ ညားရမှာလား၊ ငါ၏ မိဘများကို လိုက်၍မှ ရှာနိုင်ပါတော့ မလား၊ ငါသည် သူ့ကို ချစ်၏၊ သို့သော်လည်း... ငါဘယ်နည်းနဲ့ ယူနိုင်ပါမည်လဲ၊ ငါသည် သူ့ကို မောင်အရင်းလို ချစ်၏။ ငါ၏ နာမည် ငါ၏ ဂုဏ်သည်လည်း မျိုးရိုးမစစ်သကဲ့သို့ သိမ်ငယ်၏။ ယခုကဲ့သို့ သိမ်ငယ်သော အခြေအနေနှင့် သူ့ကို ငါ မယူနိုင်၊ ငါ၏ အစွမ်းသတ္တိ ဖြင့် ဂုဏ်သရေနဲ့ ပြည့်စုံသော အခြေအနေကို ရောက်ရင်... ငါသည် သူ့ကို ငြင်းဆန်ဖို့ မရှိချေ၊ ငါသည် သူ့ကိုယူလျှင် သူ့မှာသာ ကျက်သရေယုတ်ဖို့ ရှိလေသည်။ သူ ငါ့ကို မယူရင် ငါ့ထက် အဖိုး ထိုက်တဲ့ မြို့ကြီးရပ်ကြီး သူတို့ကို ရနိုင်ဖို့ ရှိ၏။ ဘယ်အတွက် ငါသည် သူ၏ ကြီးပွားရာလမ်းကို ပိတ်ပင်သင့်ပါသနည်း..."

စသည်ဖြင့် တွေးတော ဆင်ခြင်ကာ ကတ်ကြေးကိုကိုင်ရင်း ပန်းခြံသို့ ထွက်သွားလေ၏။

မောင်နေဦးသည် ညိုညို ရောက်လာသောအခါ...

mgyoe.com

mgyoe.com


"ညိုညို... ဟောဒီ မေမြို့က ရတဲ့ ကျောက်ပန်းကလေးကို နေရာချစမ်းပါကွယ်၊ ငါဖြင့်... ဘယ်နေရာမှာ စိုက်ရမှန်း မသိအောင် ရှိတာပဲ..."

ဟု ပြောကာ ကျောက်ပန်းကလေးကို ကိုင်ကာ... ညိုညိုကို ခေါ်လေ၏။

မောင်နေဦးသည် ဗိုလ်ဆံတောက် ဖိုးရိုး ဖားရားနှင့် ရှပ်အင်္ကျီကို လက်ပင့်ကာ... ဖြူစင်သော ပေါင်မှာ ဒူးအထက်၌ လက်လေးသစ်လောက် ပေါ်အောင် ကာကီ ဘောင်းဘီတိုကလေးကို ဝတ်ထားလေ၏။

ကျောက်ပန်းကို ကိုင်လျက် မိမိ၏ ရှေ့တွင်ရှိသော ပန်းရုံများကို လွှားခုန်၍ကျော်ကာ ညိုညိုရှိရာသို့ လာတော့မည်ကဲ့သို့ ဟန်ပြင်သောအခါ ညိုညို၏နှလုံးသားသည် ရိုးရိုးရွရွ နိုးနိုးကြွကြွ ဖြစ်သွားလေ၏။

သို့သော်လည်း မျက်နှာ၌က္ခန္ဓြေမပျက်ဘဲ ရိုးရိုးကလေးမျှသာ ပြုံးရယ်လေရာ.... ညီညွတ်ဖြူဝင်းသော သွားကလေးများနှင့် မျက်လုံးများသည် နေရောင်တွင် ပြိုးပြိုးပြက်၍ အထူးချစ်ဖွယ်သော မျက်နှာရောင်သည် မောင်နေဦး၏အသဲအချစ်တည်းဟူသော မီးခဲဖြင့် ရှဲခနဲ ရှဲခနဲ မြည်အောင်မြိုက်သကဲ့သို့ ဖြစ်သွားလေ၏။

မကြာမီအတွင်းနှစ်ယောက်သား မျက်နှာချင်းဆိုင်ကာ ရပ်ကြပြီးလျှင်... ကျောက်ပန်းကလေးကို ကြည့်ကာ ချီးမွမ်း၍ နေကြပြီးနောက်... ပန်းခြံတစ်လျှောက်တွင် ကျောက်ပန်းကို နေရာချရန် နေရာကို လိုက်၍ ရှာကြလေရာ...

နှစ်ယောက်သော အပျိုကလေးနှင့် လူပျိုကလေးသည် တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်ကာ... အကြည်ဆေး အရသာရတနာအဆီတုံးကို တပြုံးပြုံးရှုစားရင်း... နှလုံးအတွင်း၊ အသားတွင်း၊ အကြောတွင်း ဟူသမျှမှာ အချစ်စိတ်ဓာတ် ဝါယောအဟုန်ဖြင့် အလိုလို

mgyoe.com

mgyoe.com


ပေါ့ပါးလျက် မြေကိုမှ မထိသကဲ့သို့ မှတ်ထင်ကြရလေ၏။

ယင်းကဲ့သို့ နှစ်ယောက်သား နေရာအရှာ သွားကြရာတွင်... မောင်နေဦးသည် ညိုညိုလက်ကို ကိုင်ဆွဲလေရာ ညိုညိုသည် နဂိုက ချစ်ရင်း... မောင်အရင်းမက.. ဆဆယ်ထမ်းပိုးကြီးလှ၍ မောင်နေဦး၏ လက်ကို လုံးလုံးကြီး မငြင်းပယ်ဘဲ... လိုက်ရောကာ အဆွဲခံရာတွင် မနည်းကြဲဖန်ကာ မျက်နှာကို ဖယ်သော်လည်း အချစ်တည်းဟူသော ပန်းရောင်အဆီသည် ညိုညို၏ မျက်နှာကို စိုပြည်စွာ ခြယ်မှုန်းသဖြင့် ဖုံးဖိ၍ မရ၊ အသဲမှာ တရှုရှုနှင့် အနာတရအချစ်များ စူးသောကြောင့် မူးပျော့ကာ ကတုန်ကယင်ဖြစ်ပြီး တစ်ကိုယ်လုံး သိမ့်သိမ့်တုန်၍ သွားလေ၏။

ထိုကဲ့သို့ ဖြစ်ပျက်ခါ ညိုညိုမှာ စိတ်ချောက်ချားပြီး ယောကျ်ား၏ အထိကြောင့် မချိလောက်သော ဝေဒနာဖြင့် အချစ်တည်းဟူသော ပန်းရုံမှာ ဖသဩတည်းဟူသော လေဟုန်တွင် အကုန်စင်၍ လာကြောင်းကို မောင်နေဦးသည် ရိပ်မိသည်မှာ အခြားကြောင့် မဟုတ်။

ညိုညို၏ လက်ဖျားများမှာ... ဆတ်ဆတ်ခါ လှုပ်ရှားလျက် မျက်နှာပေါ်ထွက်သော ပီယ၏ဂေဇက်ဖြင့် ဆိုင်ရှင်တွေ ထွက်သည်ကို အချက်ကျ ဖော်ပြသည့် ဆင်းအလှရုပ်သဏ္ဌာန်တွေ လျှံတက်ကာ ဆန်သောကြောင့် အကြောင်းရင်းအမှန်ကို ဧကန်ပင် သိရလေသတည်း။

ယင်းသို့ သိရသောအခါ တစ်ခုသော ပန်းရုံအကွယ် ရောက်လာကြသည်နှင့် ညိုညိုသည် ရှေ့သို့ တိုး၍သွားမည်အပြုတွင် မောင်နေဦးသည် ညိုညိုရှေ့သို့ တိုး၍မသွားရအောင် လက်ကို ဆွဲထားလေ၏။

ထိုအခါ ညိုညိုသည် ရပ်ကာ မောင်နေဦး၏ မျက်နှာကို မော်ကြည့်လျက် စကားမပြောဘဲ နေလေ၏။

မောင်နေဦးက...

mgyoe.com

mgyoe.com


"ညိုညို"

ဟု ခေါ်လေရာ ညိုညိုက အသံကလေး တုန်တုန်နှင့်...

"ညိုညို သိပါတယ်... ကိုကို ဒီစကားကို ထပ်ပြီး ပြောမလို့ မဟုတ်လား၊ ညိုညိုအခုထက်တိုင် စဉ်းစားလို့ မရသေးပါ... တော်မယ်လို့ မထင်ပါဘူး... ကိုကိုရယ်"

ဟု ပြောလေ၏။

မောင်နေဦးက...

"ဘယ့်အတွက် မတော်ရသလဲ အညိုရဲ့... ညို... မင်း ဖေဖေ့ကို ချစ်ရင် ဖေဖေကောင်းအောင် စီမံတာကို လိုက်နာဖို့ သင့်ပါတယ်၊ ဘယ်အတွက် ဒီလောက်တောင် စဉ်းစားပြီး အချိန်ဖြုန်းချင်သလဲ ညိုညို... ကိုကို့ကို တကယ် မချစ်လို့ပါ... ကိုကို သိပါတယ်"

ဟု ပြောလေ၏။

"ညိုညို ချစ်ပါတယ်၊ ချစ်ပေမယ့်– ညိုညို မယူနိုင်ဘူး၊ ကိုကိုမှာ ညိုညိုအတွက် လူကဲ့ရဲ့ ခံရပါလိမ့်မယ်၊ နှမအရင်းလို ကိုကို ငယ်ငယ်က ထိန်းလာရပါတယ်၊ ကိုကို ပညာ သင်ပေးလို့လည်း တော်တော်တတ်လာပါတယ်၊ ညိုညိုမှာ မိဘမရှိသည့်အတွက် အမျိုးအရိုး မစစ်ပါ၊ ညိုညိုကို ယူရင် ကိုကို့ကို အရိုးက... အင်မတန် ကဲ့ရဲ့ပါလိမ့်မယ်၊ သည့်ပြင်လည်း မမယ်ရင်က... ကိုကို့ကို အင်မတန် လိုချင်ပါတယ်... ညိုညို စပ်ကြားကဝင်ပြီး အနှောင့်အယှက် မဖျက်ချင်ပါဘူး၊ ဒီအိမ်နဲ့ ဒီခြံဟာ... တကယ်ဆိုတော့ ကိုကိုနဲ့ မမယ်ရင်သာ စံထိုက်ပါတယ်၊ ညိုညို ဒီတစ်သက်မှာ ယောကျ်ားလည်း မယူလိုပါ ကိုကို... မရင်ကို ယူပြီး ကလေးများရရင် ညိုညိုက အဒေါ်လုပ်ပြီး.. ကလေးတွေကို ထိန်းသိမ်းစောင့်ရှောက်ပြီး... တစ်သက်လုံး နေနိုင့်ပါတယ်၊ ညိုညို ဖေဖေ့ကို မသနားလို့ မချစ်လို့ မဟုတ်ပါဘူး... နှမရင်းလို

mgyoe.com

mgyoe.com


ငယ်ငယ်က အတူနေရင်း ညားကြမယ်ဆိုရင် လူကြားလို့လည်း ကောင်းမယ် မထင်ပါဘူး"

ဟု များစွာလှုပ်ရှားသော အသံနှင့် ပြောကာ မောင်နေဦး၏ မျက်နှာကို သနားကြင်နာစွာ မော်၍ ကြည့်လေ၏။

ထိုအခါ မောင်နေဦးသည် သက်မကြီးချကာ... ညိုညို၏လက်ကို ကိုင်၍ မြေကြီးကိုကြည့်လျက် ရင်ထဲတွင်ပေါင်းအိုးကြီး ဝင်၍ ပွက်သလို စိတ်လက်မသာ ပူအိုက်အိုက်ဖြစ်ကာ နေလေ၏။

မောင်နေဦးသည် ညိုညိုကို ငယ်စဉ်ကပင် အမြဲ အလိုလိုက်လျက် ညိုညို စိတ်မကောင်းအောင် တစ်ရံတစ်ခါမျှ ပြုလေ့ မရှိခဲ့ချေ။

ယခုလည်း ညိုညို စိတ်မပါသော အရာကို အတင်းပါအောင် တိုက်တွန်းရန် ဆန္ဒမရှိဘဲ... အဘက်ဘက်က အကြိမ်ကြိမ် ပြောဆိုတောင်းပန် အသနားခံခဲ့သည့်အတိုင်း ယခုလည်း ပြောဆိုရာ ညိုညို စိတ်နှလုံးမှာ... ခက်မာသော စိန်ကျောက်ပမာ... ရာဂတည်းဟူသော တံစဉ်းနှင့် တိုက်၍မရနိုင်သလို ဖြစ်နေသောကြောင့် များစွာ အခက်ကြုံ၍ နေလေ၏။

ညိုညို၏ မျက်နှာကလေးကို သေချာစွာ ကြည့်လိုက်သောအခါ မောင်နေဦး၏ အချစ်စိတ်မှာ... စပါးကြီးမြွေပမာလို ပတ်ရစ်မျိုငုံ၍ ထားချင်၏။

သို့သော်လည်း နမကလေးရယ်လို့ ငယ်စဉ်က ကြင်ကြင်နာနာ ယုယုယယပြုစု၍ လာခဲ့ရသူကလေးမှာ... စိတ်သောက မချမ်းမသာ ဖြစ်စေရန် အကြမ်းဆရာလို ကြံရမည်မှာ မကြံရက်ဖြစ်သည်နှင့် ညိုညို၏ လက်ကလေးများကို ဆွဲရုံမှတစ်ပါး အသားကိုမျှ နာအောင် မကိုင်ရက်သဖြင့် ကြိုင်ကရမက် သနင်းဆွေ့ကလေးကို အတင်းပွေ့ဖို့ရန် များစွာ ခက်လေ၏။

mgyoe.com

mgyoe.com


ညိုညို့က...

"ကိုကို့ကို ညိုညို ချစ်ပါတယ်၊ ညိုညို တစ်သက်လုံး ချစ်နေမှာပဲ၊ ဘယ်သူ့ကိုမှ မယူပါ၊ ညိုညိုဟာ ကိုကိုနဲ့ တစ်သက်လုံး နှမဝတ်ကြေအောင် ပြုစုပါရစေ၊ ဟိုစိတ်မျိုးတွေကို ကြိုးစားပြီး ဖျောက်ပါ၊ ကိုကို့ စိတ်ထဲမှာ ဘာကောင့်ကြီး ဝင်ပူးပြီး ရူးတူးတူး စကားတွေကို ပြောနေရသလဲ၊ ကိုကို ညိုညို့အတွက် စိတ်မကောင်း ဖြစ်နေတာကို ညိုညို အင်မတန် သနားပါတယ်"

ဟု ပြောလေ၏။

မောင်နေဦးက...

"ညိုညို မင့်ကို မယူရလျှင် ကိုကို ဘယ်သူ့ကိုမှ မယူတော့ပါ၊ မရင်ကို ကိုကို မယူချင်ဘူး၊ မင့်ကိုလည်း အတင်းအဓမ္မ မတိုက်တွန်းချင်ပါ၊ ဖေဖေ စိတ်မကောင်းမှာ ကိုသာ စိုးတာပါပဲ"

ဟု ပြောကာ... ညိုညို၏ လက်များကို လွှတ်လိုက်လေ၏။

ညိုညို့က...

"အို... ဖေဖေ့အတွက် မပူပါနဲ့- သူစိတ်အေးအောင် လိမ်ပြောတာပေါ့..."

ဟု ပြောလေလျှင်၊ မောင်နေဦးက ညိုညို၏ မျက်နှာကို မော်ကြည့်ကာ...

"ဘယ်လိုများ လိမ်ပြောမလဲ..."

ဟု မေးလေ၏။

ညိုညို့က...

"ဖေဖေ ဘာမှ စိတ်မပူနဲ့- ညိုညို့နဲ့ ကိုကိုနဲ့ တစ်သက်လုံး နေပါမယ်၊ ကိုကိုနဲ့ ယူပါတော့မယ်လို့ လိမ်ပြောတာပေါ့..."

ဟု ပြောလေ၏။

mgyoe.com

mgyoe.com


မောင်နေဦးက...

"ညိုညို လူကြီး မိဘကို မလိမ်ကောင်းပါဘူးကွယ်... ကိုကိုဖြင့် လိမ်မပြောချင်ဘူး..."

ညိုညိုက...

"ကိစ္စမရှိပါဘူး ကိုကိုရယ်... သူ စိတ်ကောင်းဖို့ သူအသေဖြောင့်ဖို့ သူ– ဘဝကူးမြတ်ဖို့ လိမ်ရတာပါ၊ သူ့အတွက်ပါ ငရဲမကြီးနိုင်ပါဘူး၊ လိမ်ပြောမလား..."

ဟု မေးလေ၏။

မောင်နေဦးက...

'ညိုညို မင့်ကို ကိုကို ချစ်သည်အတွက် မင့်အလိုကို လိုက်ပါမယ်၊ မင့်စိတ်ကို မညှဉ်းဆဲပါဘူး၊ မင့်ကို ရမယ်ဆိုရင် ယူမယ်၊ ယူလို့ မင့်စိတ် အင်မတန် ဆင်းရဲနေမယ်ဆိုရင် ယူဖို့ရာ မတိုက်တွန်းပါဘူး၊ မင်း စိတ်ချမ်းသာရင် ကိုကို တစ်သက်လုံး အခုလို လူပျိုကြီးလုပ်ပြီး နေပါမယ်၊ ဖေဖေကို လိမ်ဆိုရင် လိမ်ရတာပေါ့...'

ဟု ပြောလေ၏။

ထိုအခါ...

"ကောင်းပါပြီ ကိုကို၊ ကိုကို့ကို ညိုညို ချစ်ပါတယ်၊ သို့သော်လည်း ညိုညို မောင်လို ချစ်ရတာ အင်မတန် ပျော်ပါတယ်၊ တစ်မျိုးလို ချစ်ရရင် ညိုညို အင်မတန် စိတ်ဆင်းရဲပါလိမ့်မယ်၊ မင်္ဂလာဆောင်ခြင်းဆိုတာ အချစ်သင်္ချိုင်းဖြစ်ပါတယ်၊ အခုလိုနေကြရင် ကိုကိုနဲ့ ညိုညိုမှာ သေသည်တိုင်အောင် အချစ်မပျက်ဘဲ နေပါလိမ့်မယ်၊ လင်မယားရယ်လို့ ဖြစ်သွားရင် အချစ်ဟာ ရိုးပြီး အခု ချစ်သမျှတွေဟာ မြေမြှုပ်သင်္ဂြိုဟ်ခြင်း ခံရတာလို ပျောက်ပျက်ပြီး ငြီးငွေ့သွားမှာကို ညိုညို စိုးပါတယ်..."

mgyoe.com

mgyoe.com


ဟု ပြောပြီး–

"ဟောဒီ နေရာမှာ ကျောက်ပန်းကလေး စိုက်ရရင် အခု ပြောကြတဲ့ စကားများကို ကျောက်ပန်းကလေးက သက်သေခံပါလိမ့်မယ်၊ ဒီ ကျောက်ပန်းကလေး သန့်သန့်မာမာ စည်စည်ကားကားရှိတာလို ညိုညိုနဲ့ ကိုကို၏ အချစ်ဟာ စည်စည်ကားကား ရှိပါလိမ့်မယ်..."

ဟု ပြုံးရယ်ကာ ပြောလေရာ... မောင်နေဦးသည် အတန်ကလေး စဉ်းစားပြီး ရှစ်ခေါက်ချိုးမျက်နှာနှင့် ၎င်းကျောက်ပန်းကလေးကို ထို နေရာတွင် စိုက်ဖို့ရန် မြေကို ရှင်းလင်းလေ၏။

ထိုအခိုက်တွင် ညိုညိုသည် အခြား ပန်းပင်များကို လှည့်လည်၍ ကတ်ကြေးနှင့် ညှပ်နေလေ၏။

■

mgyoe.com

mgyoe.com

## အခန်း (၅)

ထိုနေ့ညနေ ထမင်းစားကြရာတွင် ဒေါ်မင်းဇံက...

"ဘယ့်နှယ်လဲ လုံမကလေး"

ဟု မိမိအပါးရှိသော ညိုညိုကို မေးလေရာ...

"အို... ဘွားဘွားကလည်း ဘာ ဘယ့်နှယ်ရမလဲ"

ပြုံးကာ ပြောလေရာ၊ ထမင်းလုတ်ကိုစားကာ ငေး၍ ကြည့်နေသော ဦးမြတ်စံက...

"ဘာလဲ မမင်းဇံ"

ဟု မေးလေ၏။

ဒေါ်မင်းဇံက...

"ဘာမှ မဟုတ်ပါဘူး၊ ပြောမယ့် ကြားဖူးမှ သိရဆိုတာ ကျနေလို့ပါ၊ မလှတဲ့လူများဟာ လှတဲ့လူကို မြင်ရင် အင်မတန် ချစ်တတ်တယ်၊ သည်အတွက် လောကများမှာ လှတဲ့လူ အချင်းချင်း အင်မတန် ညားခဲ့တာကလား၊ လင်ကလှပြီး မယားက အရုပ်ဆိုးလိုဆိုး၊ မယားက နတ်သမီးဖြစ်ပြီး လင်က ဘီလူးကြီး ဖြစ်လိုဖြစ်၊ နတ်–နတ်ချင်း ညားတာများဟာ အင်မတန် ရှားတယ်၊ လောကဟာ ဘယ်နေရာမှာမှ

mgyoe.com

mgyoe.com


အဆင်ပြေတဲ့ လောက မဟုတ်ဘူး၊ သည်အတွက် အလှ– အလှ ချင်းတွေ့တော့ အင်မတန် ခွကျနေတာပါပဲ၊ တကယ်ဆိုတော့ ပြောနေစရာတောင် မရှိပါဘူးတော်။ အလိုလို ကိစ္စချောကြဖို့ပါ၊ အခုမှ ကြိုးချင်းထားလို့ မငြိ– အိုးချင်း ထားလို့လည်းမထိ စပ်ကြားက ဝင်ပြီး ကြိုးချင်းချည်ပေးရမလို– အိုးချင်း ဆင့်ပေးရမလို ဖြစ်နေတာပဲ..."

ဟု ပြောလေရာ...

ဘိုးမြတ်စံက...

"မမင်းဖဲက တော်တော်ဝွကျတဲ့ မိန်းမကြီးပဲ၊ သေသည်တိုင်အောင် ခွကျမှာပဲ၊ ကျုပ်ကို အရုပ်မှတ်နေတာပဲ"

ဟု ပြောပြီး ထသွားလေ၏။

ထိုအခါ ညိုညိုက...

"အဟုတ်သားပဲ ဘွားဘွားက ဘာတွေ လျှောက်ပြောမှန်း မသိပါဘူး၊ ဘွားဘွား ပူစရာ မရှိပါဘူး၊ ညိုညိုတို့ နေရာကျပါပြီ၊ ဖေဖေစိတ်ချနေဖို့သာ ပြောပါ"

ဟု ပြောလေရာ ဒေါ်မင်းဖဲက အားရဝမ်းသာနှင့်...

'ဟုတ်လား လူကလေး နေရာကျပြီလား၊ ဘယ်တုန်းကလဲ၊ ဩော်... ဩော် သာဓု– သာဓု ကောင်းပါလေရဲ့ ကောင်းပါလေရဲ့'

ဟု ပြောလေရာ မောင်နေဦးက ပြုံးရယ်ကာ...

"နေရာကျပါပြီ"

ဟု ပြောလိုက်လေ၏။

ဒေါ်မင်းဖဲက...

"နေရာကျမှ တော်မယ်၊ သူလည်း ကြာကြာနေရမှာ မဟုတ်ဘူး၊ မသေမီ အတိအလင်းနေရာကျမှ တော်မယ်၊ ဘယ်တော့လောက်စမလဲ၊ မရင်တို့ သားအမိတော့ ယားကျိကျိဖြစ်ကျန်ရစ်တာကို ကိုယ်

mgyoe.com

mgyoe.com


မြင်ရချေသေးရဲ့၊ သူတို့က တကတဲ လာလာပြီး အရေးသယ်လိုက်ကြရတာ သူတို့အိမ် သူတို့ခြံလိုပဲ"

ဟု ပြောနေခိုက် ဒေါ်စာ သားအမိနှစ်ယောက် အိမ်ပေါ်သို့ရောက်လာကြလေရာ...

ဒေါ်မင်းဇံက...

"လာကြလေ၊ ထမင်း စားကြပါဦးလား၊ အခန့်သင့်ပဲ... သင်းတို့သားအမိ မပေါ်လာ မပေါ်လာနဲ့ မျှော်လိုက်ရတာ လူကလေးကလည်း ကျောင်းကပြန်လာကတည်းက နေ့တိုင်း မေးနေတာပဲ၊ ကိုင်း... လာကြလာကြ ထမင်းများ စားကြဦး"

ဟု ပြောလေရာ မယ်ရင်က...

"ကိုကိုတို့များ အိမ်ကိုတောင် မလာဘူး တကတဲ"

ဟု ပြောကာ ထမင်းစား ခေါ်သည်ကို မကြားသကဲ့သို့ ပုဝါများကို တိုင်၌ရှိသော ဆတ်ချိုပေါ်တွင် သွား၍ ချိတ်ပြီး ခပ်လှမ်းလှမ်းရှိဖျာပေါ်တွင်ထိုင်၍ ကွမ်းအစ်ကိုယူကာ ကွမ်းယာ၍ နေလေ၏။

ဒေါ်စာက...

"ဘာလာမလဲ အေ ညည်းကသာ မျှော်နေတယ်၊ သူ့မှာ သူခြံနဲ့ သူ့အိမ်နဲ့ ဘာနဲ့ညာနဲ့ သတိတောင် ရမှာ မဟုတ်ပါဘူး"

ဟု ပြောကာ ညိုညိုကို မျက်စောင်းထိုးကြည့်ကာ...

"ရှင့် ညိုညိုက မသွားရအောင် ပြောထားတယ် ထင်ပါရဲ့"

ဟု ပြောလေ၏။

"ညိုညိုက မပြောရပါဘူး ရှင်၊ ဒေါ်ဒေါ်စာ စိတ်ထဲက တစ်မျိုးထင်နေတာပါ"

ဟု ပြောကာ ထမင်းပွဲမှထ၍ လက်များဆေးပြီး ရေသောက်ကာမမယ်ရင်အပါးသို့ သွား၍ ထိုင်နေလေ၏။

mgyoe.com

mgyoe.com


မောင်နေဦးသည်ကား စကားမပြောဘဲ ထမင်းကိုသာ ငုံ့၍ စားနေလေ၏။

ဒေါ်စာက...

"နှမကဖြင့် တလိုက်ရတာ ကိုကို လာလိမ့်မယ် ကိုကို လာလိမ့်မယ်နဲ့၊ စားစရာကလေးရှိရင် ကိုကို့ကို သတိရလို့၊ ညကျရင် ကိုကို အတွက် ဆီမီးပူဇော်လို့၊ ဘုရားသွားရင် ကိုကိုအတွက် ဆီမီးပူဇော်လို့၊ ဘုရားသွားရင် ကိုကိုအတွက် ဖယောင်းတိုင်ထွန်းရတယ်၊ ကိုကိုကဖြင့် တယ်လေ။ ငါ မပြောချင်ပါဘူး။ အင်္ဂလိပ်ကျောင်းသားမို့ ဗိုလ်သွေးဝင်ပြီး ဟန်ကြီး ပန်ကြီး ဖြစ်နေတာပါ"

ဟု ပြောလေ၏။

မောင်နေဦးက...

"မဟုတ်ပါဘူး အဒေါ်ရဲ့၊ ကျွန်တော်မြို့က ပန်းကလေးတွေ ပါလာလို့ ပန်းတွေနေရာချဖို့ အရေးကြီးနေတာနဲ့ မလာနိုင်ဘဲနေပါတယ်၊ နောက် တစ်ရက် နှစ်ရက်ကြာရင် လာမလို့ပါပဲ"

ဟု ပြောပြီး ထမင်းလက်စသိမ်းလေ၏။

ထို့နောက် မယ်ရင်က...

"ကိုကို ဘာပန်းတွေ ယူလာခဲ့သလဲ၊ ကျွန်မ မကြည့်ရဘူးလား.... ကိုကိုရဲ့၊ ကျွန်မ မှာထားတဲ့ မေမြို့က ပန်းကလေးတွေကော ပါရဲ့လား၊ ပန်းပင်တွေကို ကြည့်ပါရစေ... ကိုကိုရဲ့ လိုက်ပြစမ်းပါ..."

ဟု ပြောသည်တွင် မောင်နေဦးသည် အိမ်ပေါ်မှ ဆင်းသွားလေရာ... မယ်ရင်သည် ဆင်း၍ လိုက်သွားလေ၏။

ဒေါ်စာလည်း ပါသွားသဖြင့် ဒေါ်မင်းဖဲနှင့် ညိုညိုနှစ်ယောက်တည်းသာ ကျန်ရစ်လေ၏။

ဒေါ်မင်းဖဲက...

mgyoe.com

mgyoe.com


"လုံမလေး မြင်ရဲ့လား.... မြှုပြီး ထုတ်သွားလိုက်ကြတာ၊ တယ်လိုချင်မျက်စိ ရှိကြပါကလား၊ ဒါတွေ မြင်ရလေလေ ညည်းတို့ နေရာကျပါစေလို့ ဆုတောင်းရလေလေ.... ဖြစ်နေတာပါပဲ၊ သားအမိ နှစ်ယောက်ကိုကဖြင့် တီးလုံးများလိုက်တာ၊ ဒိုးပတ်လိုပဲ..."

ဟု ပြောလေ၏။

ညိုညိုက...

"ဒိုးပတ်မှာ တီးလုံး ဘယ်လိုများလဲ ဘွားဘွားရဲ့..."

ဟု ပြောလေရာ ဒေါ်မင်းဖဲက...

"မိုက်ပါဘိတော့... လုံမကလေးရဲ့၊ ဒိုးပတ်ဆိုတာ ယိုးဒယား လည်း လိုက်တီးတာပဲ၊ ပတ်ပျိုးဆိုလည်း လိုက်တီးတာပဲ၊ ဘာကိုပဲ ဆိုဆို ဒိုးပတ် မလိုက်နိုင်တာ မရှိဘူး..."

ဟု ပြောလေ၏။

"အခုလည်း သားအမိနှစ်ယောက် ညှပ်ပြီး တီးလုံးများကြရင်... လူကလေးမှာ မွမွကြေသွားပါလိမ့်မယ်၊ ဒါကြောင့် စောစောက နေရာ ကျအောင် လုပ်ကြ၊ သူတို့က ဉာဏ်အများသား၊ တော်တော်ကြာရင်... အတင်းစွပ်စွဲမှုဖြင့် ပါသွားလိမ့်မယ်၊ အရှက်ရှိတာတွေ မဟုတ်ဘူး... ဘွားဘွားအဘိုးကြီးကို သွားပြောဦးမယ်..."

ဟု ပြောပြီး ပြတင်းပေါက်အနီး၌ ခွေးခြေပေါ်တွင်... ထိုင်ကာ ဆေးတန် သောက်နေသော ဘိုးမြတ်စံအပါးသို့... ကပ်ကာ အကျိုး အကြောင်းကို ပြောပြလေရာ... ဘိုးမြတ်စံသည် လွန်စွာ ဝမ်းမြောက် လျက် နေလေ၏။

နောက်တစ်နေ့ နံနက်ခင်းအချိန် ဘိုးမြတ်စံသည် ညိုညိုနှင့် မောင်နေဦး နှစ်ယောက်စလုံးကို ပန်းခြံထဲသို့ခေါ်ကာ...

"မင်းတို့ အကြောင်းကို ဖေဖေ ကြားသိရပြီ၊ ဖေဖေ စိတ်အေးပြီ..."

mgyoe.com

mgyoe.com


ဖေဖေ အသေ ဖြောင့်တော့မယ်၊ ဖေဖေလဲ နီးပြီ... နေ့လား ညလား မသိရဘူး၊ လူကြီးဆိုတာ အိပ်ရာကို ဝင်ပြီး နံနက် မိုးလင်းမှာ မထနိုင်ဘဲ လဲနေတတ်တယ်။ ရုတ်တရက် လဲပြိုမျော သွားပြီး... စကားပြန်မရဘဲ နေတတ်တယ်၊ ဖေဖေ သေရင်... ဟော ဟို ဂူအနားမှာ ဂူတစ်ခုလုပ်ပြီးထားကြနော်... ဒါထက် ဖေဖေ ပြစရာ တစ်ခုရှိသေးတယ်၊ ဖေဖေ အရင်က ပြထားမလို့ပဲ၊ မင်းတို့ နှစ်ယောက်အတွက် စိတ်လက်မချတာနဲ့ မပြဘဲ နေခဲ့တယ်၊ ကိုင်း... လာကြ လာကြ..."

ဟု ခေါ်ကာ တစ်ခုသော ခြံထောင့်ဖက်သို့ သွားလေ၏။

ခြံထောင့်သို့ ရောက်သောအခါ၊ တောင်မြှောက်လေးပါး တစေ့တစောင်း ကြည့်ရှုပြီးလျှင် ဥရင်ကောက် ပန်းများ စိုက်ထားသော စည်းဝိုင်းကြီးတစ်ခုရှိရာသို့ လျှောက်သွားကာ...

"အဲဒီ ဥရင်ကောက် ပန်းပင်အောက်မှာ ငယ်ငယ်က ယခုထက်တိုင် ဖေဖေ စုထားတဲ့ ပစ္စည်းများဟာ... မင်းတို့ အဖို့ချည်းပဲ၊ သည်ခြံ သည်အိမ် သည်ရွှေငွေကို ပေါင်းလိုက်ရင် မင်းတို့နှစ်ယောက် ငွေတစ်သိန်းနီးနီးလောက် ချမ်းသာတယ်၊ တစ်သက်မှာ ဘာမှ ပူပင်စရာမရှိဘဲ၊ ဘယ်ကိုမှ ပြောင်းရွှေ့ပြီး မင်းမှုထမ်း လုပ်စရာ မရှိဘူး၊ သည်ခြံကိုသာ ဖေဖေရှိစဉ် အခါကလို ဆက်လက်ပြီး မပျက်မစီး မဆုံးပါးရအောင် သားမြေး၊ မြစ်... တိုင်အောင် စောင့်ထိန်းဖို့ ရှိတယ်၊ ကိုင်း... သွားကြစို့ရဲ့...."

ဟု ပြောကာ တဲ့ပြန်၍ လာကြလေ၏။

ထိုကဲ့သို့ တဲ့ပြန်လာကြစဉ် ညိုညိုသည် နောက်ဆုံးက လိုက်လာလေရာ... မိမိ၏ နံဘေး ခြံအပြင်ဘက်၌ ရိပ်ခနဲ မြင်လိုက်ရသောကြောင့် လှည့်၍ ကြည့်လေရာ ခေါင်းတုံးနှင့် လူရှည်ရှည်တစ်ယောက်ကို တွေ့မြင်ရလေ၏။

mgyoe.com

mgyoe.com


ထိုသူအား ညိုညိုသည်လည်း စက္ကန့်အနည်းငယ်မျှ ကြာစွာ စိုက်၍ ကြည့်ပြီးမှ ဆက်လက်၍ သွားလေရာ.... ကြည့်နေသူသည် ပျောက်ကွယ်၍ သွားလေ၏။

■

mgyoe.com

mgyoe.com

## အခန်း (၆)

ညိုညိုသည် ထူးဆန်းသော လူ၏မျက်နှာကို မျက်စိထဲမှာ မြဲမြဲစွာ မြင်၍ နေလေ၏။

ထိုသူသည် အဘယ်က သူနည်း...

မိမိကို ဘယ်အတွက် ဤမျှလောက်ကြာစွာ စိုက်၍ ကြည့်ပါသနည်း။

အဘယ်ကြောင့် ဤနေရာ၌ လာရောက် ပုန်းလျှိုး၍ နေပါသနည်း...။

ထိုသူသည် ငယ်ရွယ်သူမဟုတ်၊ ဒုတိယ အရွယ်ကျော်ကျော်ခန့် ရှိ၏။ ၎င်းလူ၏ မျက်နှာသည် များစွာ ဝမ်းနည်းဟန် ရှိသော မျက်နှာ ဖြစ်၏။

ညိုညိုသည် ၎င်းလူကို မတူတယူလူဆိုးဟူ၍ အနည်းငယ်မျှ ထင်မြင်ခြင်း မရှိချေ...။

ထိုလူ၌ လူကောင်း သူကောင်း၏ ရုပ်ရည်ရှိလေ၏။

ထိုမျက်နှာသည် ညိုညို၏စိတ်၌ ဘယ်အခါမျှ မေ့နိုင်မည် မဟုတ်သော မျက်နှာ ဖြစ်လေ၏။

mgyoe.com

mgyoe.com


ညိုညိုသည် ထိုမျက်နှာကို ထပ်ကာ ထပ်ကာ မြင်၍ နေသကဲ့သို့ မှတ်ထင်ကာ ထိုသူကို သနားသလို ချစ်သလိုဖြစ်၍ နေလေ၏။

ထိုသို့ တွေးတောကာ စိတ်ထဲတွင် တစ်မျိုး လှုပ်ရှားလျက် အလို အလျောက် ဝမ်းနည်းကာ ပျောက်ကွယ်၍သွားသောသူကို စိတ်ထဲတွင် တိုး၍ချစ်ခင်လျက် ထပ်မံ၍ မြင်ရလေဦးမည်လားဟု မျှော်လင့်ကာ ခြံအပြင်ဖက်သို့ ကြည့်ပါသော်လည်း နောက်ထပ်မံ၍မမြင်ရ ပျောက် ကွယ်သွားလေ၏။

ထိုကဲ့သို့ တွေးတောရင်း လိုက်သွားလေရာ အိမ်အနီးသို့ ရောက် သောအခါ ဘိုးမြတ်စံသည် မောင်နေဦးနှင့် ညိုညိုအား ခြံကို လှည့် လည်ကြည့်ရှု ဂရုစိုက်ရန် မှာထားပြီး အိမ်ပေါ်သို့ တက်သွားလေ၏။

မောင်နေဦးသည် ပန်းခြံဘက်သို့ စိတ်လက်မသာယာသော လက္ခဏာနှင့် သွားလေရာ ညိုညိုသည် မမယ်ကြဲ၏ ဂူပေါ်သို့ တွယ် ကာ တက်သော ပန်းနွယ်ကလေးများကို ကိုင်ကာ မိမိချစ်လှသော မိခင်၏ ဂူကို ကြည့်လျက် တစ်နေ့သ၌ ဂူကို စွန့်ပစ်ကာ သွားရလိမ့် မည့်အကြောင်းကို တွေးတောကာ ရင်ထဲတွင် ဖိုလှိုက်လျက် မျက်ရည် များ လည်၍ လာလေ၏။

ညိုညိုသည် ဤပန်းခြံ ဤဂူနှင့် ဤအဖေ ဤအစ်ကို တို့ကို မခွဲရက်နိုင်အောင် ဖြစ်လေ၏။

ဒေါ်မင်းဇံကိုမူ မိခင်အရင်း အဘွားအရင်းလို သဘောထား လေ၏။

သို့သော်လည်း ညိုညို၏စိတ်၌ ကြီးစွာသော မာန်မာနသည် ကား အမျိုးအရိုး၏ ဂုဏ်မာန ဖြစ်သောကြောင့် ငါသည် အဘယ်သို့ သော မိဘများက မွေးဖွားသည်ဟု သိလိုသော မာန် မာနဖြစ်သည့်ပြင် မောင်နေဦးကို မောင် ကဲ့သို့ ချစ်ရာမှ တစ်မျိုး ပြောင်းလွဲရမည်မှာ

mgyoe.com

mgyoe.com


ခက်ခဲသောကြောင့် ဖြစ်လေ၏။

ထိုကဲ့သို့ တွေးတောကာ ဂူအနီးတွင် ရပ်၍ နေရာတွင် ခြံ အပြင်ဘက်၌ မြင်လိုက်ရသော သူ၏ မျက်နှာကို ပြန်၍ တွေးမိလျက် လွန်စွာ ထပ်မံ၍ တွေ့ချင်သောစိတ်သည် ထက်သန်စွာ ပေါ်ပေါက်၍ လာလေ၏။

သို့ပေါ်ပေါက်သောစိတ်ကို ဖြေဖျောက်ကာ ဂူ၌ရှိသော မမယ်ကြဲ၏အကြောင်း တွေးတောရင်း ဤချစ်လှသော ဂူရှိရာမှ အဘယ်သို့သော နည်းဖြင့် ထွက်ခွာ၍ သွားနိုင်ပါမည်နည်းဟု တွေးတော ဆင်ခြင်ကာ စိတ် မနိုင်မနင်း ဖြစ်လျက် မောင်နေဦးကိုပဲ ယူပြီး အေးအေးဆေးဆေး နေရရင် ကောင်းလေမလားဟု ကြံစည်ဝေခွဲ၍ မရနိုင်အောင် ရှိလေ၏။

ထိုကဲ့သို့နေခိုက်တွင် မိမိချစ်လှသော ခိုကလေး တစ်ကောင်သည် နံနက်ခင်း၌ ဖြူဝင်းသော နေရောင်တွင် ဝါဂွမ်းထွေးပမာ ဝင်းလက် ဖြူဝင်းတောက်ပသော တောင်ပံကို ဖြန့်ကာ အိမ်မိုးထိပ်မှ ပျံဝဲ၍ ညိုညို၏ ပခုံးထက်သို့ လာ၍နားလေရာ ခိုကလေးကို နူးညံ့သိမ်မွေ့စွာ ကိုင်ယူပြီး ရင်ခွင်၌ကပ်ကာ...

"ဖြူဖြူ–မမကို အင်မတန်ပဲ ချစ်သလား... မမရင်ခွင်ထဲမှာ တမင် အပိုက်ခံချင်လို့ပင် မကြာခဏ မမဆီကို လာသလား။ ဖြူဖြူ မမ မရှိရင် ဘယ်သူ့ရင်ခွင်မှာ နားမလဲ..."

ဟု ခိုကလေး၏ ခေါင်းကို လက်ဝါးနှင့်သပ်ကာ ဂူရှိရာမှ ခွာလာခဲ့ပြီးလျှင် ပန်းခြံဖက်သို့ ခိုကလေးကိုခေါ်ကာ တွတ်တီးတွတ်တာ ချစ်စရာပြောရင်း ထွက်သွားပြီးလျှင် မျက်နှာကို မော့လိုက်သောအခါ လက်ပိုက်ကာ ခိုကလေးကို ဇောင်းမဲ့မဲ့ကြည့်၍နေသော မောင်နေဦးကို မြင်ရလေ၏။

mgyoe.com

mgyoe.com


ညိုညိုက...

"ကိုကို ဘာဖြစ်နေသလဲ..."

ဟု မေးလေရာ၊ မောင်နေဦးက...

"အသုံးမကျတဲ့ ခိုကလေးကိုတော့ ရင်ဘတ်ပေါ် တင်ထားတယ်... ဒီခိုကို မကြည့်ချင်ပါဘူး..."

ဟု ပြောလေ၏။

ညိုညိုက စကားပြန်မပြောဘဲ မောင်နေဦးကို ဝမ်းနည်းစွာ စိုက်ကြည့်လျက် ခိုကလေးကို လွှတ်ပြီးလျှင် မြေကြီးကို ငုံ့ကာ ကြည့်၍ နေပြီးမှ...

"ကိုကို ထမင်းစားချိန် တော်ပြီ ဘွားဘွား စောင့်နေတော့မယ်..."

ဟု ပြောကာ အတူတကွ ထမင်းစားရန် သွားကြလေလျှင်

မမယ်ရင် သားအမိသည် တီးတိုးစကား ပြောကြလျက် တစ်ခုသော ခြံထောင့်မှ လှည့်၍လာကြသည်ကို တွေ့ကြရသဖြင့်၊ ညိုညိုသည် ၎င်းတို့ကို စောင့်ကာရပ်ပြီးမှ အတူတကွ အိမ်ပေါ်သို့ တက်ကြလေ၏။

မမယ်ရင်သည်ကား... ညိုညို၏ ပျူငှာသော အမူအရာတို့ကို နမူနာကောင်း မထင် အမှုမဲ့ အမှတ်မဲ့သာ နေလေ၏။

■

mgyoe.com

mgyoe.com

# အခန်း (၇)

တစ်နေ့သ၌ မွန်းလွဲအချိန်တွင် ညိုညိုသည် တစ်နေ့ကမြင်ရသော လူကို တွေ့လိုတွေ့ငြားအကြံနှင့် ခြံထဲတွင် တစ်ယောက်တည်း လှည့်လည်ကာ နေလေရာ...

အတန်ကြာသော်လည်း မမြင်ရသဖြင့် နွားပျောက်လို့ လိုက်လံရှာဖွေတဲ့ လူ ထင်ပါရဲ့ဟု တွေးတောကာ အိမ်သို့ ပြန်လာမည်အပြုတွင် ခြံအပြင်ဘက်သို့ ကြည့်လိုက်လေရာ အထုပ်တစ်ခုကို ထမ်း၍ နောက်သို့ လှည့်ကြည့် လှည့်ကြည့်နှင့် သွားသောသူ လူတစ်ယောက်ကို မြင်ရလေ၏။

ထိုသူသည် နောက်သို့ မကြာခဏပြန်၍ ကြည့်သော်လည်း ဆိုင်းရပ်ခြင်း မရှိဘဲ... ခရီးကိုသာ တွင်တွင်ကြီး သွားလေ၏။

ထမ်းသွားသော အထုပ်မှာ အတော်လေးလံသော အထုပ်ဖြစ်လေ၏။

ငင်းလူသည် ညိုညို မြင်ရသောအခါ အတန်ကြီး ဝေး၍ နေလေ၏။

သို့ပင် ဝေးသွားသော်လည်း ညိုညိုသည် ကောင်းစွာ မှတ်မိလေ၏။ အကြောင်းမှုကား ထိုသူသည် တစ်နေ့က ညိုညိုကို ကြည့်၍

mgyoe.com

mgyoe.com


နေသောလူပင် ဖြစ်လေ၏။

ညိုညိုသည် ၎င်းလူကို သေချာစွာ ကြည့်၍ နေရာ… မကြာခဏ ညိုညိုကို ပြန်ကြည့်ပြီးနောက် ဝေးလံသောနေရာမှ ရပ်ကာ ညိုညို ဘက်သို့ လှည့်၍ ငေးနေပြီးမှ မိမိ ပိုး၍ ထားသော အထုပ်ကို မြေပေါ် သို့ချပြီး၊ ထိုအထုပ်ကို စိုက်ကာ ကြည့်ဟန်နှင့် ခေါင်းစိုက်၍ နေလေ ၏။ ဦးခေါင်းကို တစ်ချက် နှစ်ချက် လက်နှင့် ကုတ်လေ၏။

ထိုနောက် အထုပ်ကိုပြန်၍ ကောက်ယူပြီးလျှင်၊ ညိုညိုကို နောက်လှည့်၍ ကြည့်ကာ… ခေါင်းကို အနည်းငယ် ခါသလိုလိုပြုပြီး မှ– ချာခနဲ လှည့်ပြီးလျှင် သစ်ပင် တောတန်းများအကွယ်သို့ ဝင်ကာ ပျောက်သွားလေ၏။

ညိုညိုသည် များစွာ အံ့အားသင့်လျက် ကြံဆ၍ မရဘဲ ကျန်ရစ် လေ၏။

ထိုသူသည် အဘယ်သို့သော သူနည်း။

ဘယ်အတွက် ငါ့ကို မကြာခဏ ပြန်၍ကြည့်ပါသနည်း။

ဘယ်အတွက် ခေါင်းကို ခါပါသနည်း။

စသည်ဖြင့် အကြောင်းကို ဆင်ခြင်၍ မရချေ။

ထိုသူသည် လူဆိုးလား… သူခိုး ဓားပြ ဝရမ်းပြေးပေလားဟု တွေးတောကြံဆ၍ မရနိုင်ဘဲ ရှိလေ၏။

ထိုသို့ ကြံဆကာ များစွာ အစဉ်းစားရ ခက်လျက် ခြံစည်းရိုး အနီးသို့ လှည့်လည်၍ လျှောက်ရာတွင် ဥရင်ကောက်ပင် နေရာရွှေ့၍ နေသည်ကို တွေ့ရသဖြင့် ညိုညိုသည် ကပျာကယာ ပြေး၍ ကြည့်လေ ရာ… တွင်းကြီးတစ်ခုကို တွေ့ရလေ၏။

ထိုအခါ အံ့အားသင့်လျက် မွှန်၍ သွားပြီးလျှင် ဖခင်မြှုပ်၍ ထားသော ရွှေငွေပစ္စည်းများ သူခိုးလက်သို့ ပါလေပြီဟု သိလျက်

mgyoe.com

mgyoe.com


ယူကြုံးမရဖြစ်ကာ... အိမ်သို့ ပြောရန် အသက်မှ မရှုနိုင်အောင် ပြေး၍ လာလေ၏။

အိမ်အနီးသို့ ရောက်သောအခါ ညိုညိုသည် ရပ်လျက်...

"မတော်တဆ ထိုလူများ ခိုးလေသလား... ဖခင်ကို ပြောရလျှင် ပစ္စည်း ဆုံးသောကြောင့် ရူးနောက်၍ သေလေမည်လား၊ ပြောရလျှင် တော်မည် မတော်မည် သူခိုးမှာလည်း ဝေးသွားပြီဖြစ်သောကြောင့် လိုက်၍မိမည် မမိမည်"

စသည်တို့ကို ဆင်ခြင်ကာ... ညိုညို၏ စိတ်ဉာဏ်အတွင်းမှာ ဒေါပုံလှိုင်းပမာ... ကြက်ခွပ်ကာ နေလေ၏။

ထိုနောက်...

"ဟယ်... ဘယ်လိုပဲဖြစ်ဖြစ် ငါ ပြောမှ တော်မယ်... အနည်းဆုံး ကို ကိုကိုပြောပြီး ဖေဖေ မသိရအောင် တွင်းနေရာကို ပြန်ပြီး အုပ် ထားလျှင် ကောင်းမယ်၊ ဖေဖေ သိရင် ခက်လိမ့်မယ် ထင်တယ်"

ဟု တွေးတော၍နေရာ မောင်နေဦးသည် အိမ်ပေါ်မှဆင်း၍ လာ သဖြင့် မောင်နေဦးကို အသက်မရှုဘဲ တိုးတိုးပြောပြပြီးလျှင် နှစ် ယောက်သား နေရာကို ပြန်ကြည့်ကြလေ၏။

ညိုညိုသည် အထုပ်ကို ထမ်းသွားသောသူ အကြောင်းကို ဖွင့်၍ မပြောရက်ဘဲ သူခိုးပင် ဖြစ်စေကာမူ သနား၍ နေသကဲ့သို့ ဖြစ်လေ၏။

မောင်နေဦးသည် ထိုနေရာကို မြင်သောအခါ မိမိမှာ လူမွဲကြီး တစ်ယောက် ဖြစ်လေပြီ၊ မိမိအတွက် တစ်သက်လုံး စု၍ထားသော ပစ္စည်းတို့သည် ဆုံးပါးလေပြီ တကားဟု စိတ်ထဲတွင် ညည်းညူကာ... မူးမိုက်၍ လဲတော့မလို ဖြစ်သွားလေရာ...

ညိုညိုသည် မောင်နေဦးကို ပွေ့မှီကာ ထားရသဖြင့် ညိုညို၏ ရင်ငွေ့ကြောင့် အားဆယ်ဆ ရရှိပြီးလျှင်...

mgyoe.com

mgyoe.com


"ယောကျ်ားပဲ လူမသေ ငွေမရှားတဲ့၊ ငါ့မှာ အိမ်နဲ့ ခြံ ရှိသေးတယ်၊ ပညာလည်း ရှိတယ် ဘာပူရမလဲ"

ဟု စိတ်ကို တင်းပြီးလျှင် ညီညီ၏မျက်နှာကို ကြည့်ကာ...

"ညီညီ ငါ့ကိုယ်ကို ပိုက်ဆံရှိသူလို့ အရင်က ထင်မိတာတွေ မှားပြီ၊ ငါ လူမွဲကြီးဖြစ်ပြီး ညီညီ မင်း ငါနဲ့ နေရင် ဆင်းရဲတော့မယ်၊ ငါ့ကို ယူဖို့ရန် မတိုက်တွန်းလိုတော့ပါ၊ ညီညီ မင်းရုပ် မင်းရည်နဲ့ မင်းစိတ်သဘော မင့်ပညာကလေးနဲ့ဖြင့်ရင် အဖိုးတန် ယောကျ်ားတစ်ယောက်ကို ရနိုင်ပါတယ်"

ဟု မျက်ရည်များ လည်လျက် ညီညီ၏ လက်ကလေးများကို ကိုင်ကာ ညီညီ၏ မျက်နှာကို ကြည့်၍ ပြောလေ၏။

ထိုအခါ ညီညီက...

"ကိုကို ညီညီ သည်တစ်သက်မှာ ယောကျ်ား မယူပါဘူးလို့ ပြောပြီး ဖြစ်ပါတယ်၊ ညီညီယောကျ်ား မယူလိုပါ၊ ကိုကိုထံက ခွဲပြီး တခြားကိုပင် သွားရစေကာမူ၊ ကိုကို့ကို ညီညီ အမြဲအောက်မေ့နေရမှာပဲ၊ ကိုကိုမှာ ငွေရှိစဉ်က ချစ်သည်ထက် ညီညီ အခုသာ ပြီး ပိုမိုချစ်ပါသေးတယ်၊ ညီညီဖြင့် အင်မတန် သနားတာပါပဲ"

ဟု မျက်ရည်များနှင့် ငိုရှိုက်ကာ ပြောရှာလေ၏။

ထိုနောက် ဆက်လက်၍ ပြောသည်မှာ...

"ဖေဖေ သိရင် ခက်ပါလိမ့်မယ်၊ သူသိပေမဲ့ ပြန်ရတော့မှာ မဟုတ်ဘူး၊ ကိုကို တတ်နိုင်ရင် ပုလိပ်များ စုံထောက်များကိုသာ တိုင်ကြားဖို့ ရှိပါတော့တယ်၊ ဖေဖေဖြင့် သိဖို့ မသင့်ပါ၊ သို့အတွက် သည်နေ့ရာကိုပြန်ပြီး ပန်းပင်နဲ့ ဖိထားမှ တော်လိမ့်မယ် ထင်တယ်..."

ဟု ပြောလေရာ... မောင်နေဦးက ညီညီ ပြောသော စကားများကို သဘောကျလျက် နေရာပေါ်သို့ အရင် ကျောက်ပန်းစိုက်သော

mgyoe.com

mgyoe.com


စည်ပိုင်းကြီးကို နှစ်ယောက်သား ချိုမကာ ပြန်၍ နေရာချထားကြလေ၏။

နှစ်ယောက်သား စကား မပြောဘဲ ပြန်၍ လာကြရာတွင် ညိုညို၏ စိတ်ထဲတွင် လေမုန်တိုင်း ဆင်၍ နေလေ၏။

အကြောင်းမူကား... မူလ ချစ်ရင်းဖြစ်သော မောင်နေဦးမှာ ဆင်းရဲသူ ဖြစ်သွားသည်ကို တွေးမိသောအခါ တိုး၍ သနားပြီးလျှင် သနားအချစ် ရောစပ်ကာ မောင်နေဦးကို မစွန့်ခွာနိုင်အောင် ရှိလေ၏။

သို့သော်လည်း ငယ်စဉ်က အစ်ကိုရယ်လို့ ယခုထက်တိုင် ခေါ်လာခဲ့သူတစ်ယောက်ကို ယူရမည်မှာ မိမိ၏စိတ်ကိုနားချ၍ မရနိုင်အောင် ရှိသည့်ပြင် မိဘကို ရှာချင်သောစိတ်–မိမိ၏မျိုးရိုးကို သိလိုသော ဆန္ဒ၊ မိမိ၏ဉာဏ်စွမ်းဉာဏ်စကို လွန်စွာအားကိုးသော စိတ်တို့သည် ဖြေဖျောက်၍ မရနိုင်အောင် ရှိလေ၏။

စင်စစ်အားဖြင့် ညိုညိုသည် သစ်ကိုင်းပေါ်မှ ပြုတ်လုတ်ကာ တွဲလွဲဖြစ်နေသော သစ်သီးနှင့် တူ၏။

မောင်နေဦးသည် ခိုင်မြဲစွာ ဆုပ်ကိုင်လျက်...

"ညိုညို နင် ငါ့ကို မယူဘဲ မနေရ၊ ယူရမယ်..."

ဟု အတင်းပြောကာ... ပျော့ပျောင်းသော ကိုယ်ခန္ဓာကလေးကို အပြီးအပိုင် ပွေ့ပိုက်ကာ ရဲရဲကြီး တရားရေအေး တိုက်ကျွေးနားချမည့်ဆိုလျှင်၊ ညိုညိုမှာ တရားကျ စရာ ရှိလေ၏။

သို့သော်လည်း မောင်နေဦးသည် ဤအရာ၌ အခြားယောကျ်ားပျိုကလေးအချို့နှင့် မတူ၊ လွန်စွာသစ္စာစောင့်သူ ဖြစ်သည့်ပြင် မိမိကို မချစ်ဘဲလျက် အတင်း အကြိုက်ခိုင်း ရလျှင် မတော်မတရား နိုင်ထက်စီးနင်းပြုရာသို့ ကျမည်ဟု အောက်မေ့ကာ... ဆင်ခြင်သူ ဖြစ်လေ၏။

မဆင်မခြင်လျှင် ညိုညိုသည် မောင်နေဦး လက်သို့ အပြီးအပိုင်

mgyoe.com

mgyoe.com


ကျရောက်၍ နေသည်မှာ အပျိုပေါက်စကပင် ဖြစ်နေပေတော့မည်။

အကြောင်းမူကား... ညိုညိုသည် မောင်နေဦးကို မချစ်သူ မဟုတ်ချေ။

ညိုညိုသည် မိမိကို ဤမျှလောက် ကြည့်ရှု၍ သွားသော ယောက်ျားကို အလိုအလျောက် ချစ်ခင်ကြင်နာသော စိတ်ရှိနေ၏။

သို့ချစ်ခင်သူဖြစ်သောကြောင့် ခိုးဝှက်တတ်သူ ဖြစ်ကြောင်းကို သိရသောအခါ များစွာ ဝမ်းနည်း၏။

ဤသူကို ငါသည် မမုန်းဘဲ ဝမ်းနည်း၍ နေသည်မှာ အဘယ် အကြောင်းပေနည်း။

အထုပ်ကို ပစ်ချပြီး ခေါင်းခါ၍နေသည်မှာ ငါ့ကိုမြင်သဖြင့် မိမိ ပြုမိသည်မှာ မှားလေခြင်းဟု နောင်တရပြီး စိတ်ပျက်သောကြောင့် ပေလား...

ရန်သူသည် မည်သူပေနည်း...

စသည်ဖြင့် တွေးတော၍ မရအောင် ရှိလေ၏။

■

mgyoe.com

mgyoe.com

# အခန်း (၈)

နောက်တစ်နေ့၌ ညိုညိုသည် အခါတိုင်းနည်းတူ မိမိ ဖခင် ဦးမြတ်စံ၏အခန်းသို့ နံနက်စောစော သိမ်းရန် ဆည်းရန် ဝင်သွားလေရာ ဖခင်သည် အိပ်ရာထဲတွင် တစောင်းကွေးကာ အိပ်လျက်နေသည်ကို တွေ့ရလေ၏။

ထိုအခါ နံနက် ၈ နာရီခန့် ရှိသဖြင့် ဖခင်သည် အဘယ်အခါမှ ဤမျှလောက် နေမြင့်အောင် မအိပ်ပါတကားဟု တွေးကာ အံ့အားသင့်လျက် နိုးမည်စိုးသောကြောင့် ခြေဖျားထောက်ကာနင်းလျက် အခန်းထဲတွင် ဖြည်းညှင်းသာယာစွာ လှဲ့သို သုတ်သင်လေ၏။

ထိုကဲ့သို့ လှဲ့သိုသုတ်သင်ရင်း ဖခင်ကိုမကြာခဏကြည့်လေရာ ဖခင်သည် မလှုပ်မရှက် အိပ်၍ နေသည်ကို မြင်ရသဖြင့် အပါးသို့ ကပ်ကာမျက်နှာကို သေချာစွာကြည့်လေလျှင် မျက်လုံးအကြောင်သား ဖြစ်နေသည်ကို တွေ့ရလေ၏။

ထိုအခါ ညိုညိုသည် ထိတ်ခနဲဖြစ်သွားပြီးလျှင် မရဲတရဲနှင့် ဦးမြတ်စံ၏ ပခုံးကို ကိုင်ကာ...

mgyoe.com

mgyoe.com


"ဖေဖေ... ဖေဖေ..."

ဟူ၍ ခေါ်လေ၏။

ထိုသို့ခေါ်လေရာ မလှုပ်မရှားနေသည်ကို တွေ့ရသောအခါ သာ၍ ထိတ်ပြီးလျှင်...

"ဖေဖေ... ဖေဖေ..."

ဟု တွန်းလှုပ်ကာ မျက်နှာကို ကြည့်ပြန်လေ၏။

ထိုအခါ လုံးလုံးကြီး လှုပ်ရှားခြင်းမရှိ ပကတိငြိမ်သက်စွာ နေတော့သည်ကို သာ၍ သိရသောအခါ...

"ဖေဖေရဲ့... ဖေဖေရဲ့... ဖေဖေ ထပါဦး... ညိုညို ခေါ် နေတယ်လေ၊ မကြားဘူးလား ဖေဖေရဲ့..."

ဟု မျက်ရည်များနှင့် ငိုရှိုက်ကာ မျက်နှာကို လက်ဝါးနှင့် အုပ်လျက် အတန်ကလေးကြာစွာ ရပ်နေပြီးမှ အခန်းထဲမှ ပြေးထွက်ကာ...

"ကိုကို– ကိုကို ဘွားဘွား လာကြပါဦး။ ဖေဖေ... ဘာဖြစ်မှန်း မသိဘူး..."

ဟု ပြောလေရာ အပြင်၌ တံမြက်စည်းလှဲ၍နေသော ဒေါ်မင်းခဲ သည် အခန်းထဲသို့ ပြေး၍ ဝင်လာလေ၏။

ပန်းခြံထဲ၌ စီးကရက်ကို သောက်ကာ ငေးရပ်၍ နေသော မောင်နေဦးသည် ညိုညို၏အသံကို ကြားသဖြင့် အိမ်ပေါ်သို့ ပြေးတက်ကာ လာခဲ့လေ၏။

ဒေါ်စာ သားအမိနှစ်ယောက်တို့မှာ အိမ်အောက်၌အဝင် ပြောသံကြားသဖြင့် အိမ်ပေါ်သို့ ပြေး၍ တက်လေ၏။

မကြာမီ အခန်းထဲတွင် တရုတ်ရုတ် လှုပ်ရှားနေကြရာတွင် ညိုညိုသည် ဖခင်ကို ဖက်ကာ...

mgyoe.com